# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

**၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက် ၊ သောကြာနေ့ ၊ (25-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၇၈)**


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးအမှုဆောင် ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးအမှုဆောင် ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး

**စာမျက်နှာ ၁၈ ကော်လံ ၁ ☞**

ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့အကျိုးပြုမီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု

နှစ်စဉ် အောက်တိုဘာလ၏ နောက်ဆုံးသီတင်းပတ်ကို ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု ရက်သတ္တပတ်(Global Media and Information Literacy–MIL Week) အဖြစ် UNESCO(ယူနက်စကို)က သတ်မှတ်ဦးဆောင်ကာ ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာတစ်ဝန်းကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုရက်သတ္တပတ်အခမ်းအနားကို ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်သူများအားလုံးအတွက် မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ပြန်လည်သုံးသပ်ရန်၊ သတင်းရယူမှုအခြေအနေတိုးမြင့်လာစေရန်နှင့် မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာတိုးတက်မှုကို ဂုဏ်ပြုရန် စသည့်ရည်ရွယ်ချက်များဖြင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထု၏ အသိပညာများမြှင့်တင်မှု၊ စည်းရုံးလှုံ့ဆော်မှုဆောင်ရွက်ရန် ကျင်းပခြင်းဖြစ်သည်။

ပြည်သူ့အကျိုးပြု သတင်းအချက်အလက်များအတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသည် သတင်းအချက်အလက်များလျင်မြန်စွာဖန်တီးပေါ်ထွက်လာမှု၊ ပျံ့နှံ့မှုနှင့် အသုံးပြုမှုတို့ကို လမ်းညွှန်ရာတွင်ဘေးကင်းစေရန်၊ ပိုမိုပေါင်းစည်းပါဝင်ကြရန်နှင့် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှုသည် အနာဂတ်ဒစ်ဂျစ်တယ်ခေတ်တွင် အားလုံးအတွက် ပဓာနကျအရေးပါပုံကို မီးမောင်းထိုးပြထားခြင်းဖြစ်ပေသည်။ မျက်မှောက်ခေတ်တွင် ဒစ်ဂျစ်တယ်အခင်းအကျင်းပေါ်ထွန်းလာမှုကြောင့် ဒစ်ဂျစ်တယ်၏အခွင့်အလမ်းနှင့်စိန်ခေါ်မှုများကိုဖော်ထုတ်နိုင်ရေးမှာ အရေးပါလာပေသည်။

သတင်းအချက်အလက်နှင့်ပတ်သက်သည့် ကောင်းကျိုး၊ ဆိုးပြစ်အတွေးအမြင် နှစ်မျိုးအနက် လူအများအပေါ်၌ အဆိုးမြင်အတွေးအခေါ်များလွှမ်းမိုးအားကောင်းလာအောင် ဖန်တီးမှုများကြီးထွားလာသော ကာလတွင်မှန်ကန်သည့်သတင်းအချက်အလက်သိနားလည်မှုများရရှိဖြစ်ထွန်းလာအောင် ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့က ကြိုးပမ်းဆောင်ရွက်နေကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုရက်သတ္တပတ်လှုပ်ရှားမှုသည် လူအများအတွက် ကောင်းကျိုးများပြုမည်ဖြစ်ပေသည်။

ယခုအခါ အနောက်မီဒီယာများသည် ဘက်လိုက်မှု၊ နိုင်ငံရေးသွတ်သွင်းမှုများရှိနေဆဲဖြစ်သည်။ မီဒီယာကို လက်နက်သဖွယ်အသုံးချလျက်ရှိသည်။ ထိုကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ကံကြမ္မာကို ပြောင်းလဲသွားအောင် ကြိုးစားအားထုတ်နေကြသည့် ပြည်ဖျက်သစ္စာဖောက်မီဒီယာများ၏ အပြုသဘောမဆောင်အကောင်းမမြင်သည့်သဘောထားများကို လူအများနားလည်လာကြသည်။ နေ့စဉ်နှင့်အမျှထုတ်လွှင့်နေသော ပုံကြီးချဲ့ထားသောသတင်း၊ နိုင်ငံနှင့်လူမျိုးတို့အပေါ် နှိမ်ချချိုးဖျက်သောသတင်း၊ ပျက်စီးရာပျက်စီးကြောင်းသတင်း၊ အကြမ်းဖက်အဖျက်သမားအားပေးသောသတင်း၊ ထင်ယောင်ထင်မှား စိုးရိမ်ပူပန်းစေသောသတင်းများကို လူအများခွဲခြားနားလည်နိုင်ရန် အလွန်အရေးကြီးသည်။

သို့ဖြစ်ရာ ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုမှ ပြည်သူများကို မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုစွမ်းရည်များ ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်ပြီး သတင်းအချက်အလက်များ၏ ကောင်းကျိုးဆိုးပြစ်များကိုသိမြင်လာနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီး အောင်နိုင်မှုရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး အောက်တိုဘာ ၂၄**

နေပြည်တော်၌ ကျင်းပမည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးအောင်နိုင်မှုရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်က မြန်မာ့အားကစားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်ရေး ရည်ရွယ်ချက်ဖြင့် ကျင်းပမည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးအောင်နိုင်မှုရရှိရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီဖွဲ့စည်း၍ တာဝန်များပေးထားပြီးဖြစ်ရာ ကဏ္ဍများအလိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်၍ ပိုမိုတိုးတက်ကောင်းမွန်အောင် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးက အောင်နိုင်မှုရရှိရေး၊ နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ထူးချွန်အားကစားသမားများ ပေါ်ထွက်လာရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေလင်းအောင်က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ အားကစားနည်း ၂၄ နည်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများကို အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှု၊ ဘဏ္ဍာရန်ပုံငွေသုံးစွဲမည့် အခြေအနေများနှင့် လုပ်ငန်းကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများပြောကြားပြီး ကော်မတီဝင်များက ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ ဈေးမြင့်တက်နေဆဲဖြစ်ရာ အသစ်ဘီးများ အရောင်းအဝယ်ဖြစ်မှု နည်းပါးနေပြီး လျှပ်စစ်ဆိုင်ကယ်များ ဝယ်ယူမှုများလာကြောင်း ၅၉လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

လျှပ်စစ်ဆိုင်ကယ်များသည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံမှ အများဆုံးဝင်ရောက်ပြီး အနည်းဆုံး ငွေကျပ် ၁၅ သိန်းမှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"အသစ်ဘီးတွေက အရောင်းအဝယ်အေးနေပြီး ဈေးကျလာပေမဲ့ ဘီးဟောင်းတွေကဈေးပြန်မကျတော့ အရောင်းအဝယ်အေးလာတယ်။ လျှပ်စစ်ဘီးတွေတော့ ဒီလထဲ အရောင်းအဝယ်ဖြစ်တာတွေ့ရတယ်"ဟု ၅၉ လမ်း ဆိုင်ကယ်ဝိုင်းမှ ဦးမင်းနိုင်က ပြောပြသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် 110 အမျိုးအစားများမှာ ငွေကျပ် ရှစ်သိန်း ငါးသောင်းမှ သိန်း၂၀ ခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ကိုးသိန်းမှ ၂၅ သိန်း ငါးသောင်းထိ ရှိကြောင်း သိရသည်။

ကားဈေးကွက်တွင်လည်း ဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းနေပြီး ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများ အရောင်းအဝယ်အနည်းငယ်ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"အရင်ကလို အရောင်းအဝယ်ဖြစ်နေတာမျိုးမဟုတ်ပေမဲ့ ကားဈေးနှုန်းတွေ တည်ငြိမ်လာရင်တော့ ပုံမှန်ပြန်ဖြစ်လာနိုင်တယ်။ ဈေးတွေကတော့ ကြိုက်ရောင်းကြိုက်ဝယ်ပုံစံမျိုးပါပဲ"ဟု ကားဝယ်ရောင်းပြုလုပ်သူ ဦးဇော်ကြီးက ပြောသည်။

ပွိုင့်သရီးအမျိုးအစားထဲက တိုယိုတာဗွစ်ရှ်၊ တိုယိုတာ ကလူဂါ၊ တိုယိုတာရက်တစ်ဖ်၊ တိုယိုတာ ဗစ်ဇ်၊ ဆူဇူကီးဆွစ်၊ တိုယိုတာ ဘယ်လ်တာကားများ အရောင်းအဝယ်ရှိနေပြီး ငွေကျပ်သိန်း ၃၅၀ နှင့်အထက်ဈေးပေါက်နေကြောင်း၊ ၆၆၀ စီစီ ပစ်ကပ်ကားလေးများမှာ ငွေကျပ်သိန်း ၁၅၀ မှ သိန်း ၁၈၀ ကြား ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၇၃)

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၄၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၄၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၂၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၄၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အရာတော်မြို့နယ်အတွင်း စပါး ဧက ၂၂၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး သတ်မှတ်လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာ၌ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**စလင်း အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပကန်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက လက်ပကန်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ လက်ပကန်ကျေးရွာ၌ လမ်းအရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ကိုးလက်မရှိကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေသန့်စင်စက် တပ်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်ခိုင်မြဲစေရေးအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

လက်ပကန်ကျေးရွာ၌ အဆိုပါလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ် ၁၃ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သန်းသန်းစိုး**

## ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းဧက ၁၂၃၅၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဝက်လက် အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းဧက ၁၂၃၅၀ ထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နှမ်းဧက ၁၃၅၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၁၂၃၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၂ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ နှမ်းဧက ၁၃၅၅၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၂၃၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြား စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာကြောင်း သိရသည်။ (၂၀၆)

## ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကပါကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ချေးငွေအတိုးနှုန်းနှင့် ပြန်လည်ပေးဆပ်ရမည့်ကာလ သတ်မှတ်ချက်များကို ပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြင်းကပါကျေးရွာရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၂ ဦးကို ငွေကျပ် ၂၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခေါင်းပွပိဿာချိန် ၇၇၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူဇာက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခေါင်းပွပိဿာချိန်၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးခေါင်းပွပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများ အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

''ပန်းတနော်မြို့နယ်ဘက်ကနေ ငါးခေါင်းပွတွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ စက်တင်ဘာလ ပထမပတ်ကနေ ငါးခေါင်းပွတွေ တင်ပို့မှုအားကောင်းလာပါတယ်။ ပြည်တွင်းမှာကို ငါးခေါင်းပွတွေက ဝယ်ယူမှုများနေပါတယ်။ ဩဂုတ်လကထက် စက်တင်ဘာလအတွင်း ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ငါးခေါင်းပွတွေ ဝယ်ယူမှုအားကောင်းလာပါတယ်'' ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့်အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးခေါင်းပွများကို နေ့စဉ်တင်ပို့ရောင်းချရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ညီတော်အာနန္ဒာရဲ့ ဥပဋ္ဌာကဘဝကို အားကျအတုယူ ပြုပြင်ကြစေချင်

သူငယ်ချင်းရေ နယ်မြို့ကြီးတစ်မြို့မှာ စည်းလုံးညီညွတ်နေတဲ့ ရပ်ကွက်လေးတစ်ရပ်ကွက်ရှိတယ်ကွ။ အဲဒီရပ်ကွက်မှာ ရပ်ကွက်ဓမ္မာရုံ ဥပဋ္ဌာကအဖွဲ့ဆိုလား၊ ဂေါပကအဖွဲ့ဆိုလား ဖွဲ့စည်းကြရင်းက ဖရိဖရဲဖြစ်ပြီး စည်းလုံးညီညွတ်မှု ပြိုကွဲသွားတာ သိလိုက်ရတော့ ရင်ထဲထိခိုက်သွားတယ်ကွာ။

ရပ်ကွက်ဓမ္မာရုံဥပဋ္ဌာကအဖွဲ့ ဖွဲ့စည်းရင်းက စည်းလုံးညီညွတ်မှု ဘယ်လိုပြိုကွဲသွားတာလဲကွ။ ဒီလိုကွ မူလဖွဲ့ထားတဲ့ ဥပဋ္ဌာကအဖွဲ့ အဖွဲ့ဝင်တွေက ဘာပဲလုပ်လုပ် တစ်ရပ်ကွက်လုံးပါဝင်အောင် စွမ်းဆောင်နိုင်တော့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိတယ်ကွ။ နွေရာသီသင်္ကြန်မှာဆို စုပေါင်းရဟန်းခံရှင်ပြုပွဲ၊ သင်္ကြီးပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းတော်ကြီးလောင်းလှူပွဲ၊ ကထိန်သင်္ကန်းကပ်လှူပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ပူဇော်ပွဲ၊ နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲတွေမှာ တက်ညီလက်ညီလုပ်ကြတော့ ပျော်စရာကောင်းသလို ရပ်ကွက်ရဲ့ စည်းလုံးညီညွတ်မှုကိုလည်း ပြသနိုင်ခဲ့တယ်ကွ။

ဒါပေမဲ့ကွာ လူအမျိုးမျိုး စိတ်အထွေထွေဆိုသလိုပဲ။ ဓမ္မာရုံမှာ ကျင်းပသမျှ အလှူဒါနပွဲတွေမှာ ကိုယ်ကျိုးစီးပွားရှာချင်သူတွေ၊ လက်ဝါးကြီးအုပ်ချင်သူတွေ၊ မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးကိုထိုးဖောက်ချင်သူတွေက ကလိမ်စေ့ငြမ်းဆင်ပြီး သူတို့ရဲ့အပေါင်းအပါတွေကိုပဲအစည်းအဝေးခေါ်ပြီး ဥပဋ္ဌာက အမှုဆောင်သစ်ရွေးချယ်လိုက်တယ်ကွ။

ဒါပေမဲ့ ကြာရှည်မခံပါဘူးကွာ။ အကြံတူရင်ရန်သူလို့ပဲ မြင်နေကြတော့ ကိုယ်ကျိုးစီးပွားရှာချင်သူအချင်းချင်းတွေ ထိပ်တိုက်တွေ့ကြတာပေါ့ကွာ။ ထိပ်တိုက်တွေ့ကြရင်းက အသစ်ဖွဲ့တဲ့ ဥပဋ္ဌာကအဖွဲ့ဟာလဲ ပြိုကွဲသွားပြန်တယ်ကွ။

ဒီကြားထဲမှာ တတ်ယောင်ကားတွေကလဲပါလာသေးတယ်ကွ။ မင်း မကြာခဏရေးသားနေတဲ့ **"ဓမ္မာရုံနား၊ အလှူခံမဏ္ဍပ်နားမှာရှိတဲ့ မြေကွက်တွေ၊ အိမ်တွေဆိုရင် ဝယ်ချင်သူတွေကလက်ရှောင်တဲ့အကြောင်းလေ။ ဟုတ်တာကော၊ မဟုတ်တာကော အသံချဲ့စက်ကြီးနဲ့အော်ဟစ်ဟောပြောနေကြတာက ပိုဆိုးသေးကွာ။ မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်တာကို ဒုက္ခစရိယကျင့်တယ်လို့ ဟောလိုဟောကွ။ ဓမ္မနဲ့ အဓမ္မဆိုတာကိုလဲ လုံးဝနားမလည်ဘဲ "သတည်း" လို့အော်လိုက်ရင် ကြားရသူတွေက "သာဓု" လိုက်ခေါ်ကြမှာပဲဆိုတာလောက်ပဲသိတဲ့ တတ်ယောင်ကား၊ အချောင်လိုက်စားသမားတွေပေါ့ကွာ"** ဒါကြောင့် တစ်ရပ်ကွက်လုံး စိတ်ညစ်နေရတယ်တဲ့ကွ။

မင်းစကားကြားရတာကြောင့် **"လယ်တီဆရာတော်ကြီး"**ရဲ့ **"ခက်ပါလှသဘောဉာဏ်"**ဆိုတဲ့ တေးထပ်ကလေးကို ပြန်လည်သတိရမိသွားတယ်ကွာ။

ဘယ်လိုတေးထပ်လဲကွ

တတ်ယောင်ကားတွေ၊ မာန်တကြွကြွနဲ့ ဟန်ရေးပြလုပ်စားနေကြသူတွေ၊ သံဃာစင်ပေါ်မှာ အာပေါင်အာရင်းသန်သန်နဲ့ အကျောက်အကန်ငြင်းခုံကြရင်း လက်ဖက်သုပ်၊ ချင်းသုပ်တွေကို ပလုတ်ပလောင်း အလုအယက်စားနေကြသူတွေကို ဟောပြောဆုံးမခဲ့တဲ့ တေးထပ်ပဲကွ။ ငါအလွတ်ရနေလို့ မင်းကိုရွတ်ဆိုပြမယ်။ နားထောင်။

**"ခက်ပါလှ သဘောဉာဏ်"**

"တစ်ပိုင်းကြောင် ကျက်စာရရုံနှင့်
ခက်ပါလှ သဘောဉာဏ်
တက်မာန အပြောသန်တယ်
ဒေါသမာန် ထူပွား၊
စောဒက တုဖက်လာလျှင်
သူ့ထက်ငါ ငြင်းတဲ့လူစား။
ဘုရားဟော မြတ်ဓမ္မခန်ကို
တတ်လေဟန် ယောင်ဝါး၊
ပရမတ်ပြန် အကြောင်းသမားတွေတို့
ထောင်လွှားကြ သူ့ထက်ငါ၊
အသိဉာဏ် တစ်ထွာလောက်ကယ်နှင့်
ဉာဏ်မထောက် ဟောတတ်လှည့်ပါ။
ပရိသတ် ထောမနာအောင်
စောဒနာ ဉာဏ်အကောက်တွေနှင့်
ကန်အကျောက် အတင်းမရှောင်
ငြင်းကြလူ့ဘောင်၊
ပိဋကတ် အစွယ်ထောင်လျှင်
အပါယ်ဘောင် ဆင်းရလိမ့်လေး" တဲ့ကွ။

**❖တချို့ကလဲ ဥပဋ္ဌာကအဖွဲ့ဝင်သာဖြစ်ချင်နေကြတာ ဥပဋ္ဌာကဆိုတာဘာလဲဆိုတာ မသိကြဘူးကွာ။ ဘုရားစေတီဖြစ်စေ၊ ဓမ္မာရုံဖြစ်စေ၊ ဘုန်းကြီးကျောင်းတော်ကြီးတွေမှာဖြစ်စေ၊ သက်ဆိုင်ရာတွေနဲ့ပတ်သက်တဲ့ကိစ္စအရပ်ရပ်ကို ပြုစုစောင့်ရှောက်စီမံဆောင်ရွက်သူကို ဥပဋ္ဌာက လို့ခေါ်တယ်ကွ။ ဂေါပကဆိုတာက စေတီပုထိုး၊ ဓမ္မာရုံစသည်တို့ကို စောင့်ရှောက်ထိန်းသိမ်းသူလို့ခေါ်တယ်ကွ။ အဲဒီလို ပြုစုစောင့်ရှောက်နေကြသလား။ စေတနာနဲ့ စီမံဆောင်ရွက်နေကြသလား။ ကိုယ်ကျိုးစီးပွားရှာနေကြသလား။ တတ်ယောင်ကားလုပ်စားနေကြသလား၊ သူတစ်ပါး အလှူဒါနလုပ်သမျှ မိသားစုစားသောက်ဖို့ အိမ်ကိုသယ်နေကြသလားဆိုတာ ခွဲခြားကြဖို့ စဉ်းစားကြဖို့ လိုတယ်ကွ။ ❖**

ဘယ်လောက်ထိရောက်သလဲ။ အလေးအနက်ထားပြီး စဉ်းစားတွေးခေါ်ကြည့်ရင် အဲဒီတတ်ယောင်ကားတွေဟာ ရှက်ဖွယ်လိလိ၊ အော်ဂလီဆန်၊ အော့ကြောလန် မသတီစရာတွေပါပဲကွာ။

တချို့ဆို လမ်းဘေးအလှူခံမဏ္ဍပ်တွေမှာ တစ်နေ့ကို ဘယ်ရွေ့ဘယ်မျှနှုန်းနဲ့ ကြေးစားအလှူခံပေးနေသူတွေလဲ ရှိတာပဲကွ။ ဓမ္မာရုံတွေမှာကတော့ စာတတ်ပေတတ်တွေ ဘုရားစာတရားစာတွေကို နှံ့စပ်ကျွမ်းဝင်သူတွေရှိကြသလို စားကောင်းသောက်ကောင်းအောင် တတ်ယောင်ကားလုပ်နေကြတဲ့ လူကြွားတွေနဲ့ ခိုကပ်ပြီးစားသောက်နေကြသူတွေလဲရှိနေကြတယ်။ ဓမ္မာရုံတွေမှာ ချီးကျူးစရာကောင်းတာက ဥပဋ္ဌာကအဖွဲ့ တော်ရင်တော်သလို လုပ်အားဒါနပြုလုပ်ပေးနေကြတဲ့ လူငယ်မောင်မယ်တွေပဲကွ။ အဲဒီလူငယ်မောင်မယ်တွေဟာ ဥပဋ္ဌာကနေရာကို လုဖို့လာလုပ်နေကြတာ မဟုတ်ဘူးကွ။ သူတို့ကမှ တကယ့်ဖြူစင်သန့်ရှင်းသူကလေးတွေကွ။

ဥပဋ္ဌာက ဆိုလို့ **"ညီတော်အာနန္ဒာ"** ရဲ့ ဥပဋ္ဌာကဘဝကို ငါသတိရသွားတယ်ကွ။

ညီတော် အာနန္ဒာရဲ့ ဥပဋ္ဌာတဘဝက ဘယ်လိုများလဲကွာ။

ရှာမှရှား အတုယူစရာ သာဓကေယူစရာကောင်းလှတဲ့ မြင့်မြတ်ကျင့်စဉ်ကွ။ ငါလည်း ဆရာဝဏ္ဏသီရိရေးသားပြုစုထားတဲ့ **"ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း (ပထမတွဲ) (ဒုတိယတွဲ) စာအုပ်နှစ်အုပ်"** ကို ဖတ်ထားလို့ ရင်ထဲအသည်းထဲမှာ စွဲငြိနေတာကွ။ ဒုတိယတွဲစာအုပ်ထဲမှာ ညီတော်အာနန္ဒာရဲ့ ဥပဋ္ဌာက ဘဝအကြောင်းပါတယ်ကွ။

ဇေတဝန်ကျောင်းတိုက်အတွင်းမှာ တို့ဗုဒ္ဓမြတ်စွာဘုရားဟာ သီတင်းသုံးနေတဲ့အချိန်ပေါ့ကွာ၊ ဘုရားရှင်သီတင်းသုံးနေတဲ့ ဂန္ဓကုဋီတိုက်ရဲ့ဥပစာရေ့မှာ မြတ်ဗုဒ္ဓက ရဟန်းသံဃာတွေကို မိန့်ကြားအသိပေးတယ်တဲ့။

ရဟန်းတို့ ယခုအခါ ငါဘုရား အိုမင်းရင့်ရော်လာပြီ။ ဒါကြောင့် အချို့ရဟန်းတွေဟာ ငါဘုရားနဲ့ လမ်းခွဲသွားကြပြီ။ အချို့ရဟန်းတွေကလဲ ငါဘုရားရဲ့ သပိတ်၊ သင်္ကန်းတွေကို မြေပေါ်မှာချထားခဲ့ကြတယ်။ ငါဘုရားကို အမြဲတမ်းလုပ်ကျွေးပြုစုမဲ့ ရဟန်းတစ်ပါးကို ရွေးချယ်ပေးကြကုန်လော့ လို့ အသိပေးမိန့်ကြားခဲ့တယ်တဲ့ကွာ။

ရဟန်းအားလုံးဟာ ဘုရားရှင်ရဲ့ အသိပေးစကားကို ကြားလိုက်ကြတာနဲ့ ခေါင်းငိုက်စိုက်ကျသွားကြတယ်တဲ့။ ညီတော်အာနန္ဒာကတော့ အစ်ကိုတော်ဘုရားရဲ့ ဝိပါကဖြစ်အင်ကိုကြားလိုက်ရတော့ မယုံချင်စရာဖြစ်သွားပြီး တော်တော်လေး စိတ်ဆင်းရဲဒုက္ခခံစားလိုက်ရတယ်တဲ့ကွာ။ နောင်တော်အပေါ်မှာ ဒီလောက်တောင်ပဲ စိမ်းကားသွားကြလေရော့သလားလို့လဲ တွေးတောနေမိတယ်တဲ့။ အဲဒီအချိန်မှာ မြတ်ဗုဒ္ဓရဲ့ လက်ယာတော်ရံ အရှင်သာရိပုတ္တရာက "အရှင်ဘုရား၊ ဤနေ့ဤရက်မှစပြီး အသက်ရှင်နေသမျှကာလပတ်လုံး ဘုရားရှင်ကို တပည့်တော် ပြုစုလုပ်ကျွေးပါတော့မယ်ဘုရား" လို့ လျှောက်ထားတယ်တဲ့။

ဒီတော့ မြတ်ဗုဒ္ဓက **သာရိပုတ္တရာ၊ ငါဘုရားကို မကျွေးမွေးနဲ့၊ မပြုစုနဲ့၊ သင်ရှိလေရာအရပ်မှာ တရားသံတိတ်ဆိတ်တယ်လို့မရှိဘူး။ သင်ရဲ့ ဟောပြောညွှန်ပြတရားဒေသနာတွေဟာ ငါဘုရားဟောပြောညွှန်ပြတဲ့အတိုင်းဖြစ်နေတယ်။ ဒါကြောင့် ငါဘုရားကို ပြုစုလုပ်ကျွေးဖို့တာဝန်ဟာ သင့်မှာမရှိစေရ** လို့ မိန့်ကြားခဲ့တယ်တဲ့။

အဲဒီနောက်မှာ မြတ်ဗုဒ္ဓရဲ့ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလန်အပါအဝင် အရှင်မဟာကဿပနဲ့ သာဝကကြီးတွေကလဲ ဘုရားရှင်အပါးမှာနေပြီး ပြုစုလုပ်ကျွေးဖို့ လျှောက်ထားခဲ့ကြတယ်။ တစ်ပါးပြီး တစ်ပါး လျှောက်ထားအသနားခံခဲ့ကြတယ်။ မြတ်ဗုဒ္ဓက ဘယ်သူ့ကိုမှ လက်မခံဘူးတဲ့။

ဘုရားရှင်ကို လုပ်ကျွေးပြုစုဖို့ တောင်းဆိုအသနားခံရမယ့်ရဟန်းဟာ တစ်ပါးပဲကျန်တော့တယ်။ အဲဒီရဟန်းကတော့ ညီတော်အာနန္ဒာပဲတဲ့။ **ငါ့ရှင်အာနန္ဒာ၊ ရဟန်းအပေါင်းတို့က အလုပ်အကျွေးတာဝန်ကို တောင်းဆိုနေကြပေမဲ့ သင်တစ်ပါးသာ မတောင်းဆိုဘဲကျန်နေတယ်။ သူများနည်းတူတောင်းယူပါတော့လားလို့** သီတင်းသုံးဖော်ရဟန်းတွေက ညီတော်အာနန္ဒာကို လျှောက်ထားကြတယ်တဲ့။

ဒီတော့ ညီတော်အာနန္ဒာက **အရှင်တို့တောင်းပါမှရလာတဲ့ အလုပ်အကျွေးတာဝန်ဟာ တန်ဖိုးရှိနိုင်ပါ့မလား။ တပည့်တော်ကိုကော ဘုရားရှင်က မမြင်ဘဲနေပါ့မည်လား။ အကယ်၍ ဘုရားရှင်က နှစ်သက်တော်မူရင် အာနန္ဒာ ငါ့ကိုလုပ်ကျွေးလော့လို့ ရွှေနှုတ်တော်က ထုတ်ဖော်တော်မူပါလိမ့်မယ်**လို့ ပြန်လည်လျှောက်ထားခဲ့တယ်တဲ့။

မြတ်ဗုဒ္ဓဟာ ညီတော်အာနန္ဒာရဲ့စကားကိုကြားတဲ့အခါမှာ **ရဟန်းတို့ အာနန္ဒာကို အခြားသူတွေက တိုက်တွန်းစရာမလိုပါဘူး။ သူ့တာဝန်ကို သူ့ဘာသာသိလို့ ငါဘုရားကိုလုပ်ကျွေးပါလိမ့်မယ်**လို့ မိန့်ကြားတော်မူတယ်တဲ့။

ဒီတော့မှ သီတင်းသုံးဖော်ရဟန်းတွေက **အာနန္ဒာ ထလော့၊ အာနန္ဒာ ထလော့၊ ဘုရားရှင်ကို အလုပ်အကျွေးတာဝန်တောင်းခံပါလော့** လို့ ဝိုင်းပြီးလျှောက်ထားကြပြန်တယ်တဲ့။ ညီတော်အာနန္ဒာဟာ အလုပ်အကျွေးပြုခွင့်တောင်းခံတဲ့အခါမှာ ပြီးစလွယ် ခေါင်းညိတ်လက်ခံသဘောမျိုးနဲ့ မတောင်းခံဘဲ ဘုရားရှင်ထံက သူ့လိုလားချက်ဖြစ်တဲ့ **ပယ်လေးတန်**ကို ပထမဦးစွာ တောင်းခံခဲ့တယ်။

ပယ်လေးတန်ဆိုတာက

**(၁) အရှင်ဘုရားကို အလှူရှင်တွေ ဆက်ကပ်လှူဒါန်းထားတဲ့ အဖိုးထိုက်တန်သင်္ကန်းတွေကို တပည့်တော်ကို မပေးကမ်းမစွန့်ကြပါနဲ့ဘုရား။**

**(၂) အရှင်ဘုရားရရှိတဲ့ ဆွမ်းခဲဖွယ်တွေကိုလဲ မပေးကမ်းမစွန့်ကြပါနဲ့ဘုရား။**

**(၃) ဘုရားရှင်ကိန်းစက်တော်မူရာကျောင်းမှာ တပည့်တော်ကို အတူတကွနေထိုင်ခွင့်မပေးပါနဲ့ဘုရား။**

**(၄) ဘုရားရှင်အား ပင့်ဖိတ်ကျွေးမွေးလှူဒါန်းရာနေရာတွေကို တပည့်တော်ကို မခေါ်ဘဲ ထားတော်မူပါဘုရား။**

လို့ လျှောက်ထားခဲ့တယ်။ ဒီတော့ မြတ်ဗုဒ္ဓက ဘာ့ကြောင့် ဒီလိုပယ်လေးတန်ကို တောင်းခံရသလဲလို့ညီတော်အာနန္ဒာကိုမေးတော့ညီတော်အာနန္ဒာက **အခွင့်ထူးတွေ လာဘ်တွေရလို့ ဘုရားရှင်ကို လုပ်ကျွေးနေတာ ဘာများပင်ပန်းလို့လဲလို့ မနာလိုသူတွေရဲ့ ပြောဆိုကဲ့ရဲ့မှုကင်းမဲ့အောင် ဒီပယ်လေးတန်ကို တောင်းခံရတာပါ** လို့ ပြန်လည်လျှောက်ထားခဲ့တယ်တဲ့။

မြတ်ဗုဒ္ဓက ညီတော်အာနန္ဒာတောင်းဆိုတဲ့ **ပယ်လေးတန်ဆု**ကို သဘောတူပေးအပ်ခဲ့တယ်။ ဒါပေမဲ့ ညီတော် အာနန္ဒာက ထပ်မံပြီး **ခံလေးတန် (တစ်နည်းအားဖြင့်) ပန်လေးတန်ဆု**ကို ထပ်မံတောင်းဆိုခဲ့ ပြန်တယ်တဲ့။

ခံလေးတန်(ဝါ) ပန်လေးတန်ဆိုတာက–

**(၁) အရှင်ဘုရားကို ဆွမ်းကပ်လှူဖို့၊ တရားဟော ပင့်ဆောင်မှုတွေရှိလို့ တပည့်တော်ကတစ်ဆင့် ဖိတ်ကြားလာရင် အရှင်ဘုရားလိုက်ပါတော်မူပါဘုရား။**

**(၂) အကယ်၍ အဝေးရပ်ရွာဒေသတွေက ညှော့ပရိသတ်တွေ ရောက်လာချိန်မှာ အရှင်ဘုရားထံ ချဉ်းကပ်ခွင့်၊ ဖူးမြော်ခွင့်ပြုတော်မူပါဘုရား။**

**(၃) တပည့်တော်အနေနဲ့ တရားဒေသနာနဲ့ ပတ်သက်လို့ ယုံမှားသင်္ကာတစ်စုံတစ်ရာပေါ်လာခဲ့ရင် အရှင်ဘုရားထံ ချဉ်းကပ်မေးလျှောက်ခွင့်ပြုတော်မူပါဘုရား။**

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၅၄၁၅ ဧက ရိတ်သိမ်းပြီးစီး



**ကျွန်းလှ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၅၄၁၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၅၄၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးထားသော ပဲတီစိမ်းများကို ယခုနှစ် စက်တင်ဘာလမှစ၍ ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းနိုင်ခဲ့ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၃၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၅၄၁၂ ဧက လျာထားစိုက်ပျိုးခဲ့ကြရာ ၅၄၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေ အားလုံး လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ကြပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

➢ စာမျက်နှာ ၄ မှအဆက်

(၄) **တပည့်တော်ရဲ့မျက်ကွယ်မှာ ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတွေကိုကျောင်းပြန်ရောက်ရင်တပည့်တော်ကို ထပ်မံဟောကြားတော်မူပါဘုရား။**

လို့ လျှောက်ထားခဲ့တယ်။ ဒီတော့ မြတ်ဗုဒ္ဓက ဘာကြောင့် ဒီပန်လေးတန်ကို တောင်းခံရသလဲလို့ ပြန်လည်မေးမြန်းတော့ **တပည့်တော်ကို အရှင်ဘုရားက ဒီလောကကလေးကိုပင် ချီးမြှောက်မှု ပြုတော်မမူဘူးလားလို့ အရှင်ဘုရားကို အမြင်မှား၊ ပြစ်မှားကြမှာကို စိုးရိမ်လို့ ဒီပန်လေးတန်ကို တောင်းခံရတာပါလို့** ပြန်လည်လျှောက်ထားခဲ့တယ်တဲ့။ မြတ်ဗုဒ္ဓကလဲ ခွင့်ပြုသဘောတူခဲ့တယ်တဲ့။

ကဲ မင်းစဉ်းစားကြည့်စမ်း။ ညီတော် အာနန္ဒာက မြတ်ဗုဒ္ဓရဲ့ ဥပဋ္ဌာကဘာဝကိုရဖို့အတွက် **ပယ်လေးတန်၊ ပန်လေးခု ရှစ်မျိုးသောဆုကို** တောင်းခံလိုက်တာဟာ ကိုယ်ကျိုးစီးပွားအတွက်မဟုတ်ဘူး။ မြတ်ဗုဒ္ဓရဲ့ ဂုဏ်ကိုဆောင်သလို သူ့ရဲ့ကိုယ်ကျိုးစွန့်အနစ်နာခံမှုကိုလဲ ပေါ်လွင်စေတယ်။ အခုကာလမှာရှိနေကြတဲ့ ဥပဋ္ဌာကတွေရဲ့လုပ်ရပ်တွေနဲ့ ဆီနဲ့ရေလို ကွာခြားမနေဘူးလား။

တချို့ကလဲ ဥပဋ္ဌာကအဖွဲ့ဝင်သာဖြစ်ချင်နေကြတာ ဥပဋ္ဌာကဆိုတာ ဘာလဲဆိုတာ မသိကြဘူးကွာ။ **ဘုရားစေတီဖြစ်စေ၊ ဓမ္မာရုံဖြစ်စေ၊ ဘုန်းကြီးကျောင်းတော်ကြီးတွေမှာဖြစ်စေ၊ သက်ဆိုင်ရာတွေနဲ့ပတ်သက်တဲ့ကိစ္စအရပ်ရပ်ကို ပြုစုစောင့်ရှောက်စီမံဆောင်ရွက်သူကို ဥပဋ္ဌာကလို့ခေါ်တယ်ကွ။ ဂေါပကဆိုတာက စေတီပုထိုး၊ ဓမ္မာရုံ စသည်တို့ကို စောင့်ရှောက်ထိန်းသိမ်းသူလို့ခေါ်တယ်ကွ။** အဲဒီလို ပြုစုစောင့်ရှောက်နေကြသလား။ စေတနာနဲ့ စီမံဆောင်ရွက်နေကြသလား။ ကိုယ်ကျိုးစီးပွားရှာနေကြသလား။ တတ်ယောင်ကားလုပ်စားနေကြသလား၊ သူတစ်ပါး အလှူဒါနလုပ်သမျှ မိသားစုစားသောက်ဖို့ အိမ်ကို သယ်နေကြသလား ဆိုတာ ခွဲခြားကြဖို့ စဉ်းစားကြဖို့ လိုတယ်ကွ။

"ဒီနေရာမှာ ငါကြုံတုန်းပြောပြမယ်။ မဟာသန္တိသုခ ဗုဒ္ဓသာသနာကျောင်းတော်ကြီးရဲ့ စာအုပ်စာတမ်းတွေပြုစုဖို့ ငါသွားခဲ့ဖူးတယ်ကွ။ အဲဒီမှာ ကျောင်းတော်ကြီးရဲ့ ဥပဋ္ဌာက ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းတွေကို ငါလေ့လာခဲ့တော့ တော်တော်သဘောကျမိတယ်ကွ။ **ဥပဋ္ဌာကအဖွဲ့ဝင်ဖြစ်ထိုက်သူဟာ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်သူဖြစ်ရမယ်၊ အသက် ၁၈ နှစ်ပြည့်ရမယ်။ စိတ်မနှံ့သူမဖြစ်ရဘူး။ စာရိတ္တပျက်ပြားစေခြင်းနဲ့စပ်လျဉ်းတဲ့ ပြစ်မှုနဲ့ ပြစ်ဒဏ်စီရင်ခြင်းခံရသူ မဖြစ်ရဘူးလို့ စည်းကမ်းထုတ်ပြန်ထားတယ်ကွ။ အမှုဆောင်ဆိုရင် အသက် ၃၀ အရွယ်ရှိသူဖြစ်ရမယ်၊ အများကြည်ညိုလေးစားသူဖြစ်ရမယ်လို့ သတ်မှတ်ထားတယ်ကွ။**

"ဒ့ါအပြင် ဆောင်ပုဒ်အနေနဲ့ **လောကသာသနာ၊ နှစ်ဖြာကောင်းကျိုး တို့သယ်ပိုး၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းသည်မျိုး၊ တို့မျှော်တိုးလို့** ကြွေးကြော်ထားသလို အဓိဋ္ဌာန်အနေနဲ့ **(၁) အဖွဲ့စည်းကမ်း၊ တို့ရည်မှန်း၊ ကြိုးပမ်းလိုက်နာမည် (၂) သာသနာနှင့်သတ္တဝါများ၊ ကျိုးစီးပွား၊ ရှေ့ထားဆောင်ရွက်မည်။ (၃) ဘာသာဝင်ချင်း၊ တို့ရိုင်းပင်း၊ ဆွေရင်းစိတ်ထားမည်လို့** သတ်မှတ်ထားတယ်ကွ။

"သိပ်ကောင်းတဲ့ ဥပဋ္ဌာက ဖွဲ့စည်းပုံစည်းမျဉ်း စည်းကမ်းတွေပဲကွာ။ ဒီနေ့လက်ရှိအခြေအနေက ကျေးရွာတွေမှာ ဘုန်းတော်ကြီးကျောင်းတွေ၊ ရပ်ကွက်တွေမှာ ဓမ္မာရုံတွေရှိကြတော့ ဂေါပကအဖွဲ့တွေဖွဲ့ထားကြတယ်။ သေတဲ့အထိ တုန်တုန်ချည့်ချည့်နဲ့ ဂေါပကလူကြီးလုပ်စားနေကြလို့၊ လူငယ်လူရွယ်တွေနဲ့ ပြဿနာမျိုးစုံဖြစ်ပွားနေကြတယ်။ မြို့ကြီးပြကြီးတွေကျတော့ ဘုရားစေတီတွေရှိနေကြလို့ ဥပဋ္ဌာကအဖွဲ့တွေ ဖွဲ့စည်းထားကြတယ်။ စေတနာမှန်ပြီး ရိုးသားကြိုးစားကြတဲ့ ဥပဋ္ဌာကအဖွဲ့ဝင်တွေကြောင့် အစစအရာရာတိုးတက်နေကြပေမဲ့ အတ္တအကျိုးရှေ့တန်းတင်တဲ့ ဥပဋ္ဌာကအဖွဲ့ဝင်တွေကြောင့် အစစအရာရာဆုတ်ယုတ်လာကြတယ်။ ဒါကြောင့် တာဝန်ရှိသူတွေအနေနဲ့ ဂေါပကအဖွဲ့တွေနဲ့ ဥပဋ္ဌာကအဖွဲ့တွေကို စည်းစနစ်နဲ့အညီ ကြပ်မတ်ဖွဲ့စည်းကွပ်ကဲနေသင့်တယ်ကွ။

"သိပ်မှန်တာပေါ့ သူငယ်ချင်းရာ"

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

## ညီထွေ သင့်မြတ် ချင့်နိုင်စေ

– အလိုရမ္မက်
ရောင့်တက်မင်းမူ ကြီးမားသူကို
ဆောင်ယူသိမ်းသွင်း လက်ဆောင်နှင်း၍
ချဉ်းကပ် လွှမ်းမိုးနိုင်စေ၏။

– မာနခက်ထန်
မာန်တက်ကာလေ ထောင်လွှားနေပြား
ရိုသေမှုပေး ဆက်ဆံရေးကြောင့်
နွေးထွေးပျော့ပျောင်းနိုင်စေ၏။

– အသိမေ့မှိန်
မလိမ်မမာ သူတို့ငှာလည်း
စေရာအကြိုက် အလိုလိုက်က
ဦးငိုက်ဝပ်စင်း နိုင်စေ၏။

– စိတ်ထားမြင့်မြတ်
နှံ့စပ်တတ်သိ ပညာရှိအား
တိကျခံ့ညား ကြောင်းတရားနှင့်
စကားတည်ကြည် ဟုတ်မှန်ညီသည့်
လီဆယ်မှုကင်း ပြောဆိုခြင်းဖြင့်
လိုရင်းပွင့်လင်း တောင်းခံရင်းမှ
ကောင်းခြင်းမှန်ရာ ဖြည့်နိုင်စွာတည့်
ချိန်ခါခြေနေ စည်းစောင့်လေရင်း
မသွေမဖီ စွန်းမသီဘဲ
ညီထွေသင့်မြတ် ချင့်နိုင်စေ၊
ကြောင်းကျိုးလေးရပ် လမ်းမှန်ဖွေ၊
လောကနီတိ ညွှန်းသက်သေ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အရှေ့အလယ်ပိုင်းဒေသ စစ်ပွဲကြီးတစ်ခုနှင့် ရင်ဆိုင်ရနိုင်ကြောင်း ရုရှားသမ္မတပူတင် သတိပေး

**မော်စကို အောက်တိုဘာ ၂၄**

အစ္စရေးနှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးတင်းမာမှုမြင့်တက်လာခြင်းကြောင့် အရှေ့အလယ်ပိုင်းဒေသမှာ စစ်ပွဲကြီးတစ်ပွဲနှင့် ရင်ဆိုင်ရနိုင်သည့်အခြေအနေတွင်ရှိကြောင်း ရုရှားသမ္မတပူတင်က ယနေ့တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ အလယ်ပိုင်းကာဇန်မြို့၌ကျင်းပနေသော ဘရစ်အုပ်စုထိပ်သီးညီလာခံ အစည်းအဝေးတစ်ခုတွင် ရုရှားသမ္မတပူတင်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က ဂါဇာကမ်းမြောင်၌ စတင်ဖြစ်ပွားခဲ့သောစစ်ပွဲသည် ယခုအချိန်တွင် လက်ဘနွန်နိုင်ငံသို့ ဆက်လက်ကူးစက်နေပြီဖြစ်ကြောင်း ရုရှားသမ္မတက ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် အစ္စရေးနှင့် အီရန်တို့ကြား စစ်ရေးတင်းမာမှုများ မြင့်တက်လာမှုကြောင့် အရှေ့အလယ်ပိုင်းဒေသအနေဖြင့် စစ်ပွဲကြီးတစ်ခုနှင့် ရင်ဆိုင်ရမည့်အခြေအနေတွင်ရှိကြောင်း သမ္မတပူတင်က သုံးသပ်ခဲ့သည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုအား လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေမှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံက အစ္စရေးနိုင်ငံကို အောက်တိုဘာ ၁ ရက်တွင် ဒုံးကျည်အစင်း ၂၀၀ နီးပါးဖြင့် ပစ်ခတ်ခဲ့ရာ ယင်းတိုက်ခိုက်မှုကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံက ကြေညာထားသည်။

လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံသစ် တည်ထောင်နိုင်ချိန်မှသာ အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခများကို အဆုံးသတ်နိုင်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က သုံးသပ်ထားသည်။

Ref : RT

Trs : KKO

## အစိုးရအဖွဲ့နေရာအပြောင်းအလဲများ နိုင်ဂျီးရီးယားသမ္မတပြုလုပ်



**အဘူဂျာ အောက်တိုဘာ ၂၄**

နိုင်ဂျီးရီးယားသမ္မတ တီနူဘူသည် ဝန်ကြီး ၄၅ ဦးပါ အစိုးရအဖွဲ့ကို အပြောင်းအလဲများ ပြုလုပ်ခဲ့ကြောင်း နိုင်ဂျီးရီးယားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အစိုးရအဖွဲ့ အပြောင်းအလဲပြုလုပ်မှုအစီအစဉ်အရ သမ္မတတီနူဘူသည် ဝန်ကြီးသစ် ခုနစ်ဦး ခန့်အပ်၍ ငါးဦးကိုရာထူးမှဖယ်ရှားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဝန်ကြီး ၁၀ ဦးကိုလည်း ဝန်ကြီးဌာန နေရာသစ်များသို့ နေရာပြောင်းရွှေ့ခဲ့ကြောင်း နိုင်ဂျီးရီးယားသမ္မတရုံးသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် အဓိကဝန်ကြီးဌာနများဖြစ်သည့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့်အမျိုးသားစီမံကိန်းရေးဆွဲရေးဝန်ကြီးဌာနတို့မှာ ဝန်ကြီးအပြောင်းအလဲ မရှိခဲ့ကြောင်း သိရသည်။


လက်ရှိ နိုင်ဂျီးရီးယားသမ္မတ တီနူဘူ၏ အစိုးရအဖွဲ့အင်အားမှာ သမ္မတဟောင်း ဘူဟာရီဦးဆောင်ခဲ့သည့် အစိုးရအဖွဲ့လူအင်အားထက်များပြားခဲ့သည်။

နိုင်ဂျီးရီးယားသမ္မတ တီနူဘူသည် လက်ရှိအချိန်တွင် အဓိကအကျဆုံး ဝန်ကြီးဌာနတစ်ခုဖြစ်သည့် ရေနံဝန်ကြီးဌာနအတွက် ဝန်ကြီးသစ်ကို ခန့်အပ်ခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တရုတ်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ သဘောတူ



**ပေကျင်း အောက်တိုဘာ ၂၄**

နှစ်နိုင်ငံကြား ထိတွေ့ဆက်ဆံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့က အောက်တိုဘာ ၂၃ ရက်တွင် သဘောတူခဲ့ကြသည်။

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် ရုရှားနိုင်ငံ ကာဇန်မြို့၌ ကျင်းပနေသော ဘရစ်အုပ်စုထိပ်သီးညီလာခံကာလအတွင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသည် တရုတ်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့အတွက် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံး တရားဝင်ဆွေးနွေးပွဲဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ်၌ တရုတ်နှင့်အိန္ဒိယ နယ်ခြားစောင့်တပ်များကြား ဖြစ်ပွားခဲ့သည့် ရန်ပွဲကြောင့် အိန္ဒိယတပ်ဖွဲ့ဝင် ၂၀ နှင့် တရုတ်တပ်ဖွဲ့ဝင် လေးဦး သေဆုံးခဲ့ရပြီးနောက် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံကြား ဆက်ဆံရေး ပျက်ပြားခဲ့ရသည်။

အောက်တိုဘာ ၂၃ ရက်ဆွေးနွေးပွဲတွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီက တရုတ်-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရေးအတွက် နည်းလမ်းများ အဆိုပြုဆွေးနွေးခဲ့ရာ တရုတ်သမ္မတရှီကျင့်ဖျင်ကလည်း မူအားဖြင့်လက်ခံသဘောတူခဲ့ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံ ဆက်ဆံရေးအတွက် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ အပြန်အထန်ယုံကြည်မှုနှင့် လေးစားမှုတို့မှာ အထူးအရေးကြီးကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က အိန္ဒိယဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မြောက်ကိုရီးယားနှင့်ရယူထားသည့် မဟာဗျူဟာမြောက် ဆက်ဆံရေးသဘောတူညီချက် ရုရှားအောက်လွှတ်တော်အတည်ပြု

**မော်စကို အောက်တိုဘာ ၂၄**

မြောက်ကိုရီးယား နိုင်ငံနှင့် ရယူထားသော စစ်ရေးအကူအညီ အပြန်အလှန် ပေးအပ်မှုဆိုင်ရာ သဘောတူညီချက် တစ်ရပ်ကို ရုရှားအောက်လွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့သည်။

မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ ရုရှားသို့ရောက်ရှိနေကြောင်း အမေရိကန်နိုင်ငံက အတည်ပြုထားချိန်တွင် မြောက်ကိုရီးယားနှင့် ရယူထားသည့် ဘက်စုံမဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်ကို ရုရှားအောက်လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ သဘောတူညီချက်သည် ယခုနှစ်ဇွန်လအတွင်း ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ ပြုံယမ်းမြို့၌ လက်မှတ်ရေးထိုးခဲ့သည့်သဘောတူညီချက်ဖြစ်သည်။

မြောက်ကိုရီးယားနှင့် ရယူထားသည့်မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်ကို ရုရှားအထက်လွှတ်တော်ကလည်း မကြာမီ ဆက်လက်အတည်ပြုပေးဖွယ်ရှိသည်။

အဆိုပါ သဘောတူညီချက်အရ ရုရှားနှင့်မြောက်ကိုရီးယားတို့အနေဖြင့် တစ်နိုင်ငံတိုက်ခိုက်ခံခဲ့ရပါက ကျန်နိုင်ငံတစ်နိုင်ငံက ရနိုင်သမျှနည်းလမ်းအားလုံးဖြင့်စစ်ရေးအကူအညီများပေးရမည့်တာဝန်ရှိသည်။

ရုရှားနိုင်ငံရှိ လေ့ကျင့်ရေးစခန်းများ၌ မြောက်ကိုရီးယားတပ်ဖွဲ့ဝင် ၃၀၀၀ ရောက်ရှိနေပြီး ယင်းတပ်ဖွဲ့ဝင်များ အနေဖြင့် ယူကရိန်းစစ်မြေပြင်၌ ပါဝင်တိုက်ခိုက်နိုင်သည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူနေအိမ်ကို အမျိုးသားအမွေအနှစ်အဖြစ်သတ်မှတ်ရန် အမျိုးသားအမွေအနှစ်ရွေးချယ်သတ်မှတ်ရေးဘုတ်အဖွဲ့ စဉ်းစား

**စင်ကာပူ အောက်တိုဘာ ၂၄**

စင်ကာပူနိုင်ငံကို တည်ထောင်ခဲ့သော ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူ၏နေအိမ်ကို အမျိုးသားအထိမ်းအမှတ်အမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ရန် သင့်၊ မသင့်ကို အမျိုးသားအမွေအနှစ်ရွေးချယ်သတ်မှတ်ရေး ဘုတ်အဖွဲ့က စဉ်းစားနေကြောင်း စင်ကာပူယဉ်ကျေးမှုဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါနေအိမ်ကို ဖြိုဖျက်ရန် ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူ၏ သားအငယ်ဆုံးက လျှောက်ထားခဲ့ပြီးနောက် စင်ကာပူယဉ်ကျေးမှုဝန်ကြီးဌာနက အဆိုပါအတိုင်း သတင်းထုတ်ပြန်ထားခြင်းဖြစ်သည်။



ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူ၏နေအိမ်သည် စင်ကာပူမြို့လယ် အော့စလေလမ်း၌ တည်ရှိသည့် တစ်ထပ်အဆောက်အအုံဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ဝန်ကြီးချုပ် လီကွမ်ယူ ကွယ်လွန်ခဲ့ပြီးနောက် ယင်းနေအိမ်နှင့် ပတ်သက်၍ လီကွမ်ယူ၏ သားသမီးသုံးဦးတို့ကြား အငြင်းပွားမှုများ လူသိရှင်ကြားဖြစ်ပွားခဲ့ဖူးသည်။

လီကွမ်ယူ၏နေအိမ်ကို အမျိုးသားအမွေအနှစ်အဖြစ် သတ်မှတ်မည်ဆိုပါက ယင်းအဆောက်အအုံအားဖျက်ဆီးရန်၊ အသွင်ပြောင်းလဲရန်ကြိုးပမ်းမှုမှန်သမျှကို တားဆီးနိုင်မည်ဖြစ်သည်။

လီကွမ်ယူ၏နေအိမ်ကို ဖြိုဖျက်ခွင့်ပေးရန် လီကွမ်ယူ၏အငယ်ဆုံးသား လီရှန်ယန်းက အောက်တိုဘာ ၂၁ ရက်တွင် စင်ကာပူအစိုးရကို လျှောက်လွှာတင်သွင်းထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ဆင့်မမြောက် Starship ဒုံးပျံ စမ်းသပ်လွှတ်တင်ရေးအစီအစဉ်အတွက် ပြင်ဆင်မှုများပြုလုပ်နေ



**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဆင့်မမြောက် Starship ဒုံးပျံ စမ်းသပ်လွှတ်တင်ရေး အစီအစဉ်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများအရ သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် အောက်တိုဘာ ၂၂ ရက်တွင် Starship ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကို ပစ်စင်သို့ ရွှေ့ပြောင်းနေရာချထားကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် Starship ဒုံးပျံ ဆင့်မအကြိမ် စမ်းသပ်ပစ်လွှတ်မှုကို တက္ကဆက်ပြည်နယ်တောင်ပိုင်း စတားဘေ့စ်အာကာသစခန်း၌ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်၌ Starship ဒုံးပျံ ဆင့်မမြောက် စမ်းသပ်ပစ်လွှတ်မှု ပြုလုပ်မည့်ရက်ကို Space-X ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

Space-X ကုမ္ပဏီသည် ပဉ္စမမြောက် Starship ဒုံးပျံစမ်းသပ်မှုကို အောက်တိုဘာ ၁၃ ရက်တွင် အောင်မြင်စွာ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များသို့ လူသားများ ပို့ဆောင်ပေးနိုင်ရေးအတွက် Starship ဒုံးပျံများကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အင်တဲလ်ဆက် ဆက်သွယ်ရေးကုမ္ပဏီ၏ အင်တဲလ်ဆက်-၃၃ အီး ဂြိုဟ်တု ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ပြိုကွဲပျက်စီးခဲ့ရ

**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် အင်တဲလ်ဆက် ဆက်သွယ်ရေး ကုမ္ပဏီ၏ အင်တဲလ်ဆက်-၃၃ အီး ဆက်သွယ်ရေးဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ပြိုကွဲပျက်စီးခဲ့ရကြောင်း အောက်တိုဘာ ၂၃ရက်သတင်းများအရ သိရသည်။

အင်တဲလ်ဆက်-၃၃ အီး ဆက်သွယ်ရေးဂြိုဟ်တုသည် အောက်တိုဘာ ၁၉ ရက်မှစ၍ ဓာတ်အားပြတ်တောက်မှု ပြဿနာကြောင့် ဝန်ဆောင်မှုများ ရပ်တန့်ခဲ့ရပြီး အောက်တိုဘာ ၂၀ ရက်တွင် ကမ္ဘာပတ်လမ်းပေါ်၌ ပြိုကွဲပျက်စီးခဲ့ရခြင်းဖြစ်သည်။

ကမ္ဘာပတ်လမ်းပေါ်၌ အင်တဲလ်ဆက်-၃၃ အီးဂြိုဟ်တု ပြိုကွဲပျက်စီးမှုကြောင့် အာကာသအမှိုက်များစွာ ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။



ဘိုးရင်းလေကြောင်း စက်မှုကုမ္ပဏီက တည်ဆောက်ပေးထားသည့် အင်တဲလ်ဆက်-၃၃ အီး ဂြိုဟ်တုသည် မစ်ရှင်သက်တမ်း ရှစ်နှစ်သာရှိသေးချိန်တွင် ကမ္ဘာပတ်လမ်းပေါ်၌ ပြိုကွဲပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်တဲလ်ဆက် ကုမ္ပဏီသည် အင်တဲလ်ဆက်-၃၃ အီး ဂြိုဟ်တုကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် အာရီယာနီ-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် မိုင်ပေါင်း ၂၂၀၀၀ ကျော်အကွာတွင် နေရာယူထားသည့် ဆက်သွယ်ရေးဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## Crew Dragon အာကာသလူသယ်ယာဉ်က ကမ္ဘာမြေအပြန်ခရီးအတွက် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်လာပြီဖြစ်

**ဝါရှင်တန် အောက်တိုဘာ ၂၄**

Crew- 8 မစ်ရှင် အာကာသယာဉ်မှူးလေးဦးပြန်လည်လိုက်ပါလာသည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ယနေ့တွင် ကမ္ဘာမြေ အပြန်ခရီးအတွက် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည် ခွာထွက်လာပြီဖြစ်ကြောင်း သိရသည်။

Crew Dragon အာကာသ လူသယ်ယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအထက် အမြင့်မိုင် ၂၆၀ တွင်ရှိသော ပတ်လမ်းနေရာရှိ နိုင်ငံတကာ အာကာသစခန်းမှပြန်လည်ခွာထွက်လာခဲ့ခြင်းဖြစ်သည်။

Crew-8 မစ်ရှင် အာကာသယာဉ်မှူးများသည် ကမ္ဘာမြေအပြန်ခရီးကို အောက်တိုဘာ ၇ ရက်တွင် စတင်ရန် မူလကစီစဉ်ထားသော်လည်း ကမ္ဘာပေါ်ရှိရာသီဥတုအခြေအနေကြောင့် အစီအစဉ်ကိုသုံးပတ်ကြာ ဆိုင်းငံ့ခဲ့ရသည်။

Crew-8 အာကာသယာဉ်မှူးများ ပြန်လည်လိုက်ပါလာသည့် Crew Dragon အာကာသ လူသယ်ယာဉ်သည် အောက်တိုဘာ ၂၅ ရက်တွင် ဖလော်ရီဒါပြည်နယ်ကမ်းလွန်ရေပြင်အတွင်းသို့ လေထီးများဖြင့် ဆင်းသက်မည်ဖြစ်သည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Space-X ကုမ္ပဏီသည် Crew-8 မစ်ရှင်ကို ယခုနှစ် မတ် ၃ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်ဖြင့် လွှတ်တင်ခဲ့သည့် Crew Dragon အာကာသ လူသယ်ယာဉ်သည် မတ် ၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဗိုင်းရပ်ကူးစက်ရောဂါများဖြစ်ပွားပါက Dementia ဖြစ်နိုင်ခြေ မြင့်တက်နိုင်

**နယူးယောက် အောက်တိုဘာ ၂၄**

ဗိုင်းရပ်ကူးစက်ရောဂါများဖြစ်ပွားပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်လာနိုင်ခြေလည်းမြင့်တက်လာနိုင်ကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Shingles ခေါ် ဗိုင်းရပ်တစ်မျိုးကြောင့် Dementia ရောဂါ ဖြစ်ပွားနိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

အလားတူ ကျောက်ကြီးရောဂါနှင့် ရေယုန်ရောဂါ ဗိုင်းရပ်များသည်လည်း Dementiaဖြစ်နိုင်ခြေမြင့်တက်မှုနှင့်ဆက်စပ်နေကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ရေတိုခံစားရသည့် ဗိုင်းရပ်ရောဂါ၊ ဇက်တီးရီးယားရောဂါများနှင့် ဦးနှောက်စွမ်းဆောင်ရည် ကျဆင်းလာမှုတို့ကြား ဆက်စပ်မှုရှိကြောင်း သိရသည်။

သို့ရာတွင် ဗိုင်းရပ်ကူးစက်ရောဂါများအတွက် ကာကွယ်ဆေးထိုးနှံထားသူများတွင်မူ Dementia ဖြစ်နိုင်ခြေမှာ ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသူများနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ကာဘိုဟိုက်ဒရိတ်ပါဝင်မှုနည်းသော ဓာတ်စာများက ပုံစံ-၂ ဆီးချိုလူနာများ သွေးအတွင်းသကြားဓာတ် ပါဝင်မှုကိုထိန်းချုပ်ရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် အောက်တိုဘာ ၂၄**

ကာဘိုဟိုက်ဒရိတ် ပါဝင်မှုနည်းပါးသော ဓာတ်စာများသည် ပုံစံ-၂ ဆီးချိုရောဂါ လူနာများ သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ကို ထိန်းချုပ်ရာတွင် အထောက်အကူ ပြုနိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ကာဘိုဟိုက်ဒရိတ်ပါဝင်မှုနည်းပါးသော ဓာတ်စာများ စားသုံးပါက ပုံစံ-၂ ဆီးချိုရောဂါ လူနာများအနေဖြင့် ဆီးချိုဆေးများသုံးစွဲရမှုကိုလည်း လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ အလာဘားမားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။


အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ကစီဓာတ် သို့မဟုတ် ကာဘိုဟိုက်ဒရိတ်ပါဝင်မှုကန့်သတ်ထားသော အစားအစာများသည် ပန်ကရိယအင်္ဂါအတွင်းရှိ ဘီတာဆဲလ် ခေါ် ဆဲလ်များ၏ လုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို ထိန်းညှိပေးသည့် အင်ဆူလင် ဟော်မုန်းများကို ထုတ်ပေးနေသော ဘီတာဆဲလ်များ ပျက်စီးပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားတတ်သည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ ကာဘိုဟိုက်ဒရိတ်နည်းပါးသည့် ဓာတ်စာများသည် ဘီတာဆဲလ်များ လုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးခြင်းဖြင့် ပုံစံ-၂ ဆီးချိုလူနာများ သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို ထိန်းချုပ်ရာ၌ အထောက်အကူ ပြုနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ZoZo Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို တေလာမိုး ဦးဆောင်

**တိုကျို အောက်တိုဘာ ၂၄**

ဂျပန်နိုင်ငံတွင် ကျင်းပနေသည့် ZoZo Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တေလာမိုးက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဂရေးဆာမန်း၊ အဲရစ်ကိုးနှင့် ကိုလံဘီယာဂေါက်သီးရိုက်ကစားသမား အီချာဗာရီယာတို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

တရုတ်(တိုင်ပေ) ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် စီတီပန်နှင့် ကီဗင်ယုတို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

တေလာမိုးက "ပထမနေ့မှာ Tee ရိုက်ချက်တိုင်းက Greenway ပေါ် တော်တော်များများရောက်ခဲ့တယ်။ ဒါကြောင့်လဲ ရလဒ်ကောင်းရခဲ့တာဖြစ်ပါတယ်။ လိုချင်တဲ့အတိုင်း ကစားနိုင်ခဲ့သလို ရလဒ်အပေါ်မှာလဲ အားရကျေနပ်မှု အပြည့်အဝရှိပါတယ်။ ဒါပေမဲ့လဲ စွမ်းဆောင်ရည်ပိုင်း ဒီထက်ပိုပြီးတော့ တိုးတက်လာဖို့လိုနေပါသေးတယ်" ဟုပြောကြားခဲ့သည်။

ချန်ပီယံဆုအတွက် ပစ်မှတ်ထားနေသော်လည်း ပထမနေ့တွင် ရလဒ်မကောင်းခဲ့သည့် ရှောင်ဖီလီက "စွမ်းဆောင်ရည်ပိုင်းက တော်တော်လေးကို စိတ်ပျက်စရာကောင်းပါတယ်။ ဒီနှစ်အတွင်း ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ အခုပြိုင်ပွဲရဲ့ ပထမနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်က အဆိုးရွားဆုံးပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL



# ချန်ပီယံလိဂ်ပြိုင်ပွဲ ၂၆ ပွဲဆက် ရှုံးပွဲမရှိသည့်စံချိန်ကို မန်စီးတီးအသင်းရရှိ




**မန်ချက်စတာ အောက်တိုဘာ ၂၄**

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့် စပါတာပရက်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် မန်စီးတီးအသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၂၆ ပွဲဆက် ရှုံးပွဲမရှိခဲ့သည့် အင်္ဂလန်အသင်းအဖြစ် စံချိန်သစ်ကိုရရှိခဲ့သည်။

မန်စီးတီးအသင်းသည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ်အသင်းကို ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် လက်ရှိအချိန် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိခဲ့သဖြင့် ၂၆ ပွဲဆက် ရှုံးပွဲမရှိသည့် စံချိန်သစ်ကိုရရှိခဲ့ကာ ယခင်က ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၂၅ ပွဲဆက် ရှုံးပွဲမရှိခဲ့သည့် မန်ယူအသင်း၏ စံချိန်ကို ကျော်ဖြတ်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် နည်းပြဖာဂူဆန်လက်ထက် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ကစားခဲ့သည့် ချန်ပီယံလိဂ် ပြိုင်ပွဲများတွင် ရှုံးပွဲမရှိခဲ့ဘဲ ၂၅ ပွဲဆက် ရှုံးပွဲမရှိသည့်စံချိန်ကို ရရှိထားသော်လည်း မန်စီးတီးအသင်းက စပါတာပရက်အသင်းနှင့်ပွဲစဉ်၌ ပွဲကစားချိန် သုံးမိနစ်တွင် ဖိုဒန်၊ ပွဲချိန် ၅၈ မိနစ်နှင့် ၆၈ မိနစ်တွင် ဟာလန်း၊ ပွဲချိန် ၆၄ မိနစ်တွင် ဂျွန်စတုန်း၊ ပွဲချိန် ၈၈ မိနစ်တွင် မာသီးယက်စ်နူနက်တို့၏ သွင်းဂိုးများဖြင့် ငါးဂိုးပြတ် အနိုင်ရခဲ့ပြီးနောက် ၂၆ ပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ လာမည့်လတွင် ကစားရမည့် စပို့တင်းအသင်းနှင့် ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ခြင်းမရှိပါက ၂၇ ပွဲဆက် ရှုံးပွဲမရှိသည့်အသင်း ဖြစ်လာမည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲကစားချိန် ၆၈ မိနစ်၌ စပါတာပရက်အသင်းကို ကရာတေးကစ်ဖြင့် သွင်းယူခဲ့သည့် ဟာလန်း၏ သွင်းဂိုးသည် Puskas Award ဆုအတွက် ဆန်ခါတင်သွင်းဂိုးစာရင်းတွင် ပါဝင်လာနိုင်ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# ဘာစီလိုနာအသင်းနှင့် အေတီကိုအသင်းတို့ပွဲစဉ်ကို မီယာမီတွင်ကစားရန် လာလီဂါအဖွဲ့ချုပ်စီစဉ်

**မက်ဒရစ် အောက်တိုဘာ ၂၄**

လာလီဂါ အဖွဲ့ချုပ်သည် လာမည့် ဒီဇင်ဘာ ၂၂ ရက်တွင် လာလီဂါပွဲစဉ် (၁၈) ဘာစီလိုနာအသင်းနှင့် အေတီကိုအသင်းတို့ ကစားမည့်ပွဲစဉ်ကို အမေရိကန်နိုင်ငံ မီယာမီမြို့တွင်ကျင်းပနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

လာလီဂါအဖွဲ့ချုပ် အနေဖြင့် အမှတ်ပေးပြိုင်ပွဲများကို နိုင်ငံပြင်ပတွင်ကစား၍ လာလီဂါပြိုင်ပွဲကို ပရိသတ်အားပေးမှု မြှင့်တင်လိုသောကြောင့် ၂၀၁၈ ခုနှစ်က ဘာစီလိုနာအသင်းနှင့် ဂျီရိုနာအသင်းတို့ ပွဲစဉ်ကို မီယာမီတွင် ကစားရန် စတင်ကြိုးပမ်းခဲ့သော်လည်း စပိန်ဘောလုံးအဖွဲ့ချုပ်၏ ခွင့်ပြုချက်မရခဲ့သောကြောင့် ကျင်းပခွင့်မရခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဘာစီလိုနာအသင်းနှင့် အေတီကိုအသင်းတို့၏ လာလီဂါ အမှတ်ပေးပြိုင်ပွဲကို မီယာမီမြို့တွင်ကျင်းပရန် စီစဉ်ထားပြီး စပိန်ဘောလုံးအဖွဲ့ချုပ်၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ ယူအီးအက်ဖ်အေတို့၏ခွင့်ပြုချက်များကို ရယူရမည်ဖြစ်သော်လည်း ဖီဖာနှင့် ယူအီးအက်ဖ်အေတို့က ခွင့်ပြုချက်ပေးထားသောကြောင့် လာလီဂါအဖွဲ့ချုပ်အနေဖြင့် စပိန်ဘောလုံးအဖွဲ့ချုပ်၏ ခွင့်ပြုချက်ကိုသာ ရယူရမည်ဖြစ်ကာ လက်ရှိတွင် စပိန်ဘောလုံးအဖွဲ့ချုပ်ကို ဥက္ကဋ္ဌအဖြစ် ရှိချာက တာဝန်ယူထားသောကြောင့် ခွင့်ပြုချက်ရရှိနိုင်ဖွယ်ရှိသည်။

လာလီဂါ အဖွဲ့ချုပ်သည် ပြီးခဲ့သည့် သုံးနှစ်ကတည်းက စပိန်စူပါဖလားပြိုင်ပွဲကို နိုင်ငံပြင်ပဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပခဲ့ပြီး ယခုနှစ်တွင် ဂျက်ဒတ်မြို့တွင် ကျင်းပသွားမည်ဖြစ်သော်လည်း လာလီဂါ အမှတ်ပေးပြိုင်ပွဲကို နိုင်ငံပြင်ပတွင် ကစားခွင့်ရရှိပါက ဥရောပထိပ်သီးလိဂ်ငါးခုမှ အမှတ်ပေးပြိုင်ပွဲကို ပထမဆုံး နိုင်ငံပြင်ပတွင် ကျင်းပခွင့်ရသည့် ပထမဆုံးလိဂ် ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ၂၀၂၄ ခုနှစ် မေဂျာလိဂ်ပြိုင်ပွဲ ဂိုးသွင်းအများဆုံး ကစားသမားဆုကို ဒီစီယူနိုက်တက်အသင်း တိုက်စစ်မှူး ဘန်တီကီက တိုက်စစ်မှူး မက်ဆီနှင့် ဆွာရက်ဇ်တို့ကို ကျော်ဖြတ်၍ သွင်းဂိုး ၂၃ ဂိုးဖြင့် ရရှိခဲ့ကြောင်း သိရသည်။
- ဘရာဇီးကလပ် ဗာစကိုဒဂါးမားအသင်းတွင် ကစားနေသည့် ကွင်းလယ်တိုက်စစ်ကစားသမား ပါရက်စ်က အသင်းနှင့် စာချုပ်မကုန်ဆုံးမီ နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။
- ဂျီနိုအာအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် တိုက်စစ်မှူး ဘာလော့တယ်လီကိုခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်ထိ ဇွန်လထိ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။
- အင်္ဂလန်အသင်းနည်းပြဟောင်း ဆောက်ဂိတ်က ပရီးမီးယားလိဂ်ကလပ် ပဲလေ့စ်အသင်းကိုတာဝန်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ML

# MFF Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium ၌ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ယနေ့မွန်းလွဲ ၁ နာရီက Yangon Futsal အသင်းနှင့် YCDC Marga FC အသင်းတို့ကစားခဲ့ရာ Yangon Futsal အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Yangon Futsal အသင်းအတွက် သွင်းဂိုးများကို နိုင်ထွန်းလူ၊ အောင်ဖြိုးနိုင်နှင့် စိုင်းဉာဏ်မင်းထက်တို့က သွင်းယူပေးခဲ့ပြီး YCDC Marga FC အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ဖွဲ့ထက်အောင်က သွင်းယူပေးခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီခွဲက Hinthar FC အသင်းနှင့် Bushido Youth အသင်းတို့ ကစားခဲ့ရာ ပွဲချိန်အတွင်း ခြောက်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည့်အတွက် ပင်နယ်တီအဆုံးအဖြတ် ကစားခဲ့ရာ Hinthar FC အသင်းက ၁၀ ဂိုး ရှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Hinthar FC အသင်းအတွက် သွင်းဂိုးများကို ထူးဝေယံ၊ ဖွဲ့အာကာလင်း၊ သက်လင်းနောင်နှင့် သက်ထွန်းတို့က သွင်းယူပေးနိုင်ခဲ့ကာ Bush–ido Youth အသင်းအတွက် သွင်းဂိုးများကို ဝေယံဇော်နှင့် အောင်ခန့်ဇော်တို့က သွင်းယူပေးနိုင်ခဲ့ကြသည်။



MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ တတိယလုပွဲအဖြစ် Bushido Youth အသင်းနှင့် YCDC Marga FC အသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် Hinthar FC အသင်းနှင့် Yangon Futsal အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များကို MFF Futsal Official Youtube တွင် တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် လီဗာပူးအသင်းက Adidas ဖြင့် စပွန်ဆာစာချုပ်သစ် ချုပ်ဆိုရန် သဘောတူညီမှုရရှိ

**လန်ဒန် အောက်တိုဘာ ၂၄**

ယခုနှစ် ဘောလုံးရာသီအကုန်တွင် Nike ဖြင့် စပွန်ဆာစာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် လီဗာပူးအသင်းက လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် Adidas ကုမ္ပဏီဖြင့် စပွန်ဆာစာချုပ် ချုပ်ဆိုသွားရန် သဘောတူညီမှု ရရှိထားကြောင်း သိရသည်။




လီဗာပူးအသင်းသည် Nike ကုမ္ပဏီနှင့် စပွန်ဆာစာချုပ် ချုပ်ဆိုခဲ့စဉ်က တစ်နှစ်လျှင် စတာလင်ပေါင် သန်း ၃၀ ရရှိခဲ့ပြီး အင်္ကျီနှင့် အခြားဆက်စပ်ပစ္စည်း ရောင်းချမှုမှ အမြတ်ငွေ ၂၀ ရာခိုင်နှုန်းကို အကျိုးခံစားခွင့်ရရှိခဲ့သောကြောင့် အမြတ်ငွေမှာ မသေချာသည့် ဝင်ငွေဖြစ်ခဲ့၍ ဝင်ငွေရရှိမှု နည်းပါးခဲ့သော်လည်း Adidas ကုမ္ပဏီနှင့် စပွန်ဆာစာချုပ်တွင် တစ်နှစ်လျှင် စတာလင်ပေါင် သန်း ၆၀ ကျော် လီဗာပူးအသင်းက ရရှိမည်ဖြစ်သည်။

Adidas ကုမ္ပဏီနှင့် လီဗာပူးအသင်းတို့၏ စပွန်ဆာစာချုပ်သစ်ကို လာမည့် ၂၀၂၅ ခုနှစ် အစပိုင်းတွင် တရားဝင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး လီဗာပူးအသင်းက Nike ထုတ်ကုန်များ ရောင်းချမှုကို ရပ်တန့်သွားရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Adidas ကုမ္ပဏီက လာမည့်ရာသီသစ်တွင် လီဗာပူးအသင်းဝတ်ဆင်မည့် အင်္ကျီဒီဇိုင်းသစ်များကို ရေးဆွဲထားခဲ့ကာ လီဗာပူးအသင်း အသုံးပြုမည့် Adidas ထုတ်ကုန်များကို အသင့်စီစဉ်ထားပြီးဖြစ်သကဲ့သို့ ပွဲကြည့်စင်ကိုလည်း Adidas အမှတ်တံဆိပ်ဖြင့် ပုံဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Footy Headlines**
**Trs : ML**

# Toray Pan Pacific Open ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ကေတီဘိုလ်တာ တက်ရောက်

**တိုကျို အောက်တိုဘာ ၂၄**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပနေသည့် Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်အဖြစ် ဗြိတိန်တင်းနစ်မယ် ကေတီဘိုလ်တာက ဂျပန်တင်းနစ်မယ် အိုကာမူရာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကေတီဘိုလ်တာက (၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကေတီဘိုလ်တာသည် ပထမအဆင့်တွင် နာမည်ကြီး စပိန်တင်းနစ်မယ် ဘာဒိုဆာနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်သော်လည်း ဘာဒိုဆာက ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည့်အတွက် ဩစတြေးလျတင်းနစ်မယ် ပရစ်ဆယ်လာနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရကာ ဒုတိယအဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

ကေတီဘိုလ်တာသည် ကမ္ဘာ့အဆင့် (၃၃) တွင် ရပ်တည်နေသူဖြစ်ပြီး တင်းနစ်မယ်ဘဝ သက်တမ်းတစ်လျှောက် အအောင်မြင်ဆုံးသော ရာသီတစ်ခုကို ဖြတ်သန်းနေသူလည်းဖြစ်သည်။

ဗြိတိန်တင်းနစ်မယ် ကေတီဘိုလ်တာသည် ကွာတားအဆင့်တွင် ကနေဒါတင်းနစ်မယ် ဘိုင်ယန်ကာနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



# လိုက်ပ်ဇစ်အသင်းနှင့်ပွဲစဉ်တွင် လူစားလဲခံရသည့် ဆာလာဟ် လီဗာပူးအသင်းနှင့်အနာဂတ် ပိုမိုမရေမရာဖြစ်လာ

**လန်ဒန် အောက်တိုဘာ ၂၄**

ချန်ပီယံလိဂ် ပွဲစဉ်အဖြစ် ကစားခဲ့သည့် လိုက်ပ်ဇစ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းနည်းပြ အာနီစလော့က ဆာလာဟ်ကို လူစားလဲမှု ပြုလုပ်ခဲ့ပြီးနောက် လီဗာပူးအသင်းနှင့် ဆာလာဟ်တို့ အနာဂတ်မှာ ပိုမိုမရေမရာဖြစ်လာခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ် ပွဲစဉ်အဖြစ် ကစားခဲ့သည့် လီဗာပူးအသင်းက လိုက်ပ်ဇစ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဆာလာဟ်အနေဖြင့် ခြေစွမ်းပြသနိုင်ခဲ့ပြီး နူနက်၏ သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၆၃ မိနစ်တွင် နည်းပြအာနီစလော့က ဆာလာဟ်ကို ဒီယက်ဇ်နှင့် လူစားလဲမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် လူစားလဲခံခဲ့ရချိန်တွင် စိတ်ပျက်ဖွယ်ရာ အပြုအမူဖြင့် ကွင်းအတွင်းမှ ထွက်ခွာခဲ့ပြီးနောက် နည်းပြ အာနီစလော့၏ လူစားလဲမှုလုပ်ရပ်ကိုလည်း မကျေနပ်သည့်အမူအရာများရှိခဲ့ပြီးနောက် လီဗာပူးအသင်းနှင့် ဆာလာဟ်တို့အနာဂတ်မှာ ပိုမိုမရေမရာ ဖြစ်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဆာလာဟ်နှင့် လီဗာပူးအသင်းတို့ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး လက်ရှိအချိန်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ ဆာလာဟ်ကိုယ်တိုင်က ရာသီအကုန်တွင် အသင်းနှင့်လမ်းခွဲပြီး ဆော်ဒီကလပ်အသင်းများထံ ပြောင်းရွှေ့ဖွယ်ရှိနေသည့်အတွက် လီဗာပူးအသင်းအနေဖြင့် ဆာလာဟ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

# ပရီးမီးယားလိဂ် ပွဲစဉ်(၉) ပွဲကြိုသုံးသပ်ချက်များ

ML

**ဘရိုက်တန် Vs ဝုဗ်**

ကစားမည့်ရက်/အချိန် ၂၆-၁၀-၂၀၂၄ (ည ၈း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရိုက်တန် ၃ - ၂ ဝုဗ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ဘရိုက်တန် - ဝေး(ရှုံး) အိမ်(နိုင်) ဝေး(နိုင်)

ဝုဗ် - အိမ်(ရှုံး) ဝေး(ရှုံး) အိမ်(ရှုံး)

ဘရိုက်တန်အသင်းဟာ ဒဏ်ရာရကစားသမား များနေပေမဲ့ အသင်းလိုက်ကစားအားကောင်းနေတာကြောင့် အမှတ်ပေးပြိုင်ပွဲမှာ တစ်ပွဲသာရှုံးခဲ့တာကို တွေ့ရမှာပါ။ နိုင်ပွဲမရသေးတဲ့ ဝုဗ်အသင်းကတော့ ရမှတ်ရှာဖို့ကြိုးစားနေပေမဲ့ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် ဘရိုက်တန်ကိုထိန်းချုပ်ဖို့မဖြစ်နိုင်လို့ အိမ်ရှင်ပဲအနိုင်ရမှာပါ။

ခန့်မှန်းရလဒ် - ဘရိုက်တန် ၂ - ၁ ဝုဗ်

**အဲဗာတန် Vs ဖူလ်ဟမ်**

ကစားမည့်ရက်/အချိန် ၂၆-၁၀-၂၀၂၄ (ည ၁၁း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖူလ်ဟမ် ၀ - ၀ အဲဗာတန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

အဲဗာတန် - အိမ်(နိုင်) အိမ်(သရေ) ဝေး(နိုင်)

ဖူလ်ဟမ် - ဝေး(နိုင်) ဝေး(ရှုံး) အိမ်(ရှုံး)

အဲဗာတန်ဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက် ရှုံးပွဲမရှိခဲ့ပေမဲ့ တိုက်စစ်ပိုင်း ဂိုးရဖို့ခက်နေတာကြောင့် သရေရလဒ်တွေများနေတာကို တွေ့ရမှာပါ။ ဖူလ်ဟမ်ဟာ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းမှာ မန်စီးတီးကိုရှုံးခဲ့တာကလွဲရင် ခြေရည်တူအသင်းတွေကို ဖိအားပေးနိုင်ပွဲရယူခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဖူလ်ဟမ်က အဝေးကွင်းရလဒ်အသာရနေတာကြောင့် ဖူလ်ဟမ်ကိုပဲ ရွေးချယ်ရမှာပါ။

ခန့်မှန်းရလဒ် - အဲဗာတန် ၁ - ၂ ဖူလ်ဟမ်

# အင်္ဂလန်ကစားသမားများတွင် ချန်ပီယံလိဂ်သွင်းဂိုးအများဆုံး ကစားသမားစာရင်း၌ ဖိုဒန်က ဘက်ခမ်း၏စံချိန်ကို ကျော်ဖြတ်



**မန်ချက်စတာ အောက်တိုဘာ ၂၄**

မန်စီးတီးအသင်း တောင်ပံကစားသမား ဖိုဒန်သည် မန်စီးတီးအသင်းနှင့် စပါတာပရက်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် အင်္ဂလန်ကစားသမားများတွင် ချန်ပီယံလိဂ်သွင်းဂိုး အများဆုံး ကစားသမားစာရင်း၌ ဘက်ခမ်း၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းက စပါတာပရက်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဖိုဒန်သည် ပွဲချိန် သုံးမိနစ်တွင် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် စုစုပေါင်း သွင်းဂိုး ၁၇ ဂိုးရှိလာခဲ့ပြီးနောက် ဒေးဗစ်ဘက်ခမ်း၏စံချိန်ကို ကျော်ဖြတ်ပြီး အင်္ဂလန် ကစားသမားများတွင် ချန်ပီယံလိဂ်သွင်းဂိုး အများဆုံး ကစားသမားစာရင်း၌ အဆင့်(၈) နေရာတွင် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

အင်္ဂလန် ကစားသမားများတွင် ချန်ပီယံလိဂ်သွင်းဂိုး အများဆုံး ကစားသမားစာရင်း၌ ဖိုဒန်သည် သွင်းဂိုး ၁၇ ဂိုးရှိလာခဲ့သည့်အတွက် အဆင့်(၇)နေရာမှ အင်ဒီကိုးလ်နှင့် တစ်ဂိုးသာကွာဟတော့ပြီး မကြာမီ အင်ဒီကိုးလ်၏ သွင်းဂိုးစံချိန်ကိုပါ လိုက်မီနိုင်ရန် နီးစပ်နေခြင်း ဖြစ်သည်။

အင်္ဂလန် ကစားသမားများတွင် ချန်ပီယံလိဂ်သွင်းဂိုး အများဆုံးကစားသမားစာရင်း၌ လက်ရှိ ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်းက ၃၄ ဂိုး၊ မန်ယူအသင်း ကစားသမားဟောင်း ရွန်းနီက သွင်းဂိုး ၃၀၊ လက်ရှိအာဆင်နယ်အသင်းကစားသမား စတားလင်းက ၂၇ ဂိုး၊ မန်ယူအသင်း ကစားသမားဟောင်း ပေါလ်စခိုးက ၂၄ ဂိုး၊ ချဲလ်ဆီးအသင်း ကစားသမားဟောင်းလမ်းပတ်က ၂၃ ဂိုး၊ လီဗာပူးအသင်း ကစားသမားဟောင်း ဂျရတ်က ၂၁ ဂိုး၊ မန်ယူအသင်း ကစားသမားဟောင်း အင်ဒီကိုးလ်က ၁၈ ဂိုး၊ ဖိုဒန်က ၁၇ ဂိုး၊ မန်ယူအသင်း ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းက ၁၆ ဂိုး၊ အာဆင်နယ်အသင်း ကစားသမားဟောင်း ဝဲလ်ကော့က ၁၅ ဂိုးဖြင့် ထိပ်ဆုံး ၁၀ ဦးနေရာ၌ ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# အစ္စရေးဖိအားကြောင့် နျူကလီးယားလက်နက်ထုတ်လုပ်ရန်ပြင်ဆင်နေသောအီရန်

မောင်စိန်အိ(နဘဲမြေ)

အစ္စရေးနိုင်ငံအနေဖြင့် လက်ဘနွန်ရှိဟစ်ဇ်ဘိုလာအဖွဲ့ကို ဆက်လက်ထိုးစစ်ဆင်လျက်ရှိသောကြောင့် အီရန်အနေဖြင့်လည်း အကျပ်အတည်းတွေ့လာရသည်။ အီရန်၏ ကိုယ်စားစစ်ပွဲကွန်ရက်များ အင်အားချည့်နဲ့စေရေးလုပ်ဆောင်လျက်ရှိသော အစ္စရေး၏ကြိုးပမ်းအားထုတ်မှုများသည် ဦးတည်ချက်များစွာအပေါ် အလေးထားလုပ်ဆောင်လျက်ရှိသည်။ ဆိုလိုသည်မှာ အဓိကကျသော ဟစ်ဇ်ဘိုလာခေါင်းဆောင်များကိုသုတ်သင်ခြင်း၊ ၎င်းတို့၏ လက်နက်များနှင့် အခြားသောစစ်ဘက်ဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးခြင်းနှင့် တိုက်ခိုက်ရေးသမားများနှင့် ထောက်ခံသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းတို့ပင်ဖြစ်သည်။

လွန်ခဲ့သော သတင်းပတ်များအတွင်း ဟစ်ဇ်ဘိုလာအဖွဲ့သည် သိသိသာသာအင်အားချည့်နဲ့လာလျက်ရှိသောကြောင့် အီရန်အနေဖြင့် ရှေ့မတိုးသာနောက်မဆုတ်သာ အခြေအနေဆိုက်ရောက်လာခဲ့သည်။ ၎င်း၏ကိုယ်စားစစ်သွေးကြွအုပ်စုများအပေါ် စဉ်ဆက်မပြတ်ဖိအားပေးခံနေရခြင်းသည် အီရန်နိုင်ငံကို နျူကလီးယားလက်နက်ရရှိပိုင်ဆိုင်နိုင်ရေးအတွက် တွန်းအားပေးနေသလားဆိုသောမေးခွန်းများ ထွက်ပေါ်လာလျက်ရှိသည်။

**အီရန်၏ဟန့်တားမှုမဟာဗျူဟာ**

ကိုယ်စားလက်နက်ကိုင်ကွန်ရက်များကို ဟန့်တားမှုမဟာဗျူဟာအဖြစ် အသုံးချခြင်းသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ လုပ်ဆောင်လျက်ရှိသော လူသိများသည့်ချဉ်းကပ်မှုပင်ဖြစ်သည်။ အီရန်သည် အဆိုပါမဟာဗျူဟာကို အောင်မြင်စွာကျင့်သုံးလျက်ရှိသည်။ လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာမှသည် ဂါဇာရှိ ဟားမတ်စ်နှင့် ပါလက်စတိုင်း အစ္စလာမ့်စ်ဂျီဟတ်ကဲ့သို့သော ပါလက်စတိုင်းစစ်သွေးကြွအုပ်စုများ၊ အီရတ်စစ်သွေးကြွအုပ်စုများနှင့် ယီမင်ရှိ ဟူသီသူပုန်များထိ ပါဝင်သည်။

အဆိုပါမဟာဗျူဟာသည် အီရန်နိုင်ငံကို ဒေသတွင်း၌ အာဏာဖြန့်ကြက်စေနိုင်ပြီး အမေရိကန်နှင့် အစ္စရေးတို့ထံမှ ဖိအားပေးမှုများကို တုံ့ပြန်နိုင်စွမ်းရှိစေသည်။ ထို့ပြင် ၎င်း၏မဟာမိတ်များသည် ရန်ဘက်နိုင်ငံများထံမှ တိုက်ရိုက်စစ်ရေးထိပ်တိုက်ရင်ဆိုင်မှုများကိုလည်း ဟန့်တားနိုင်စွမ်းရှိစေသည်။

အီရန်နှင့် အစ္စရေးနှစ်နိုင်ငံစလုံးသည် မကြာသေးမီအချိန်ထိ အကြွင်းမဲ့စစ်ပွဲဆင်နွှဲမှုကို ရှောင်ရှားသွားလိုသောဆန္ဒရှိခဲ့သည်။ အမှန်တော့ နှစ်နိုင်ငံစလုံးသည် စစ်ပွဲဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများကို လိုက်နာပြီး ပဋိပက္ခအရှိန်မြှင့်တင်ခြင်းမရှိဘဲ တစ်ဦးအပေါ်တစ်ဦး ဖိအားပေးလျက်ရှိသည်။ အစ္စရေးနိုင်ငံသည် ဆီးရီးယားနိုင်ငံရှိ အီရန်၏ကိုယ်စားအုပ်စုများကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိပြီး လွန်ခဲ့သောဆယ်စုနှစ်များအတွင်း အီရန်နျူကလီးယားသိပ္ပံပညာရှင်များစွာကို လုပ်ကြံခဲ့သည့်တိုင် အောင် အီရန်သည် အစ္စရေးနှင့် တိုက်ရိုက်ထိပ်တိုက်ရင်ဆိုင်မှုကို ရှေးယခင်ကတည်းက ရှောင်ရှားလျက်ရှိသည်။

သို့သော်မကြာသေးမီကပင်အဆိုပါမဟာဗျူဟာကို ပြောင်းလဲလာလျက်ရှိသည်။ ၎င်း၏ ကိုယ်စားကွန်ရက်များအပေါ် အစ္စရေး၏ ကာလရှည်ကြာထိုးစစ်ဆင်မှု၏ သက်ရောက်မှုကို ခံစားလာရသော အီရန်သည် လွန်ခဲ့သော ခြောက်လအတွင်း အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် တိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ထို့ကြောင့် အီရန်၏ ကိုယ်စားကွန်ရက်များအပေါ် ဖိအားပေးခြင်းသည် တင်းမာမှုများကိုသာ မြင့်တက်လာစေကြောင်း အဆိုပါဖြစ်စဉ်များကညွှန်ပြလျက်ရှိသည်။ တီဟီရန်သည် အစ္စရေးနှင့် အနောက်တိုင်းမဟာမိတ်များကို တုံ့ပြန်နိုင်မည့် ထိရောက်မှုရှိသော ဟန့်တားမှုမဟာဗျူဟာပြန်လည်ထူထောင်ရေးအတွက် အစားထိုးမဟာဗျူဟာများကို ကျင့်သုံးလျက်ရှိသည်။

စစ်ရေးလေ့လာသုံးသပ်သူများက လက်ရှိအချိန်တွင် အစ္စရေးသည် အီရန်အပေါ် စစ်ရေးအရှိန်မြှင့်တင်ခြင်းဖြင့် လွှမ်းမိုးထိန်းချုပ်ရန်ကြိုးပမ်းလျက်ရှိကြောင်း၊ တိုက်ပွဲတစ်ခုသည် နည်းလမ်းပေါင်းစုံဖြင့် ပဋိပက္ခကို အရှိန်မြင့်တက်လာစေမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် ပြိုင်ဘက်ကို အကျိုးဆုတ်ယုတ်ခြင်းနှင့် ကုန်ကျစရိတ်ကြီးမားခြင်းတို့ဖြစ်ပေါ်စေခြင်းတို့ကြောင့် ပြန်လည်တုံ့ပြန်တိုက်ခိုက်နိုင်မည်မဟုတ်ကြောင်း၊ တစ်နည်းအားဖြင့် ပြိုင်ဘက်သည် အခွင့်အလမ်းများ ရွေးချယ်ခွင့်ရရှိစေမည်မဟုတ်ကြောင်း ကောက်ချက်ချပြောကြားထားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယခုနှစ် အောက်တိုဘာလအစောပိုင်းတွင် အီရန်နိုင်ငံ၏ နောက်ဆုံးလုပ်ဆောင်ခဲ့သည့် ဒုံးကျည်တိုက်ခိုက်မှုအပေါ် ပြင်းပြင်းထန်ထန်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားထားသည်။ ထို့သို့ ခြိမ်းခြောက်ပြောဆိုခြင်းသည် အီရန်ကို ၎င်း၏ ဟန့်တားမှုမဟာဗျူဟာပြောင်းလဲရန် ဖိအားဖြစ်စေလျက်ရှိသည်။ အထူးသဖြင့် အစ္စရေးသည် အီရန်၏ နျူကလီးယားအဆောက်အအုံများကို တိုက်ခိုက်လာမည်ဆိုလျှင် အီရန်အနေဖြင့် မဟာဗျူဟာ ပြောင်းလဲသွားရတော့မည်ဖြစ်သည်။

**နျူကလီးယားမဟာဗျူဟာအသစ်တွက်တောင်းဆိုမှုများ**

အီရန်၏ ခေါင်းဆောင်များအပေါ် ဖိအားမြင့်တက်လာလျက်ရှိသောကြောင့် လက်ရှိအချိန်တွင် တီဟီရန်အစိုးရသည် စစ်ဘက်နျူကလီးယားအစီအစဉ်ထုတ်ပြန်ကြေညာရေးနှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်းဆွေးနွေးလာကြပြီဖြစ်သည်။ ထိုသို့ ထုတ်ပြန်ခြင်းသည် အီရန်တို့၏မူဝါဒတွင် အဓိကအပြောင်းအလဲတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ အီရန်၏ နျူကလီးယားအစီအစဉ်သည် စစ်ဘက်ဆိုင်ရာလက်နက်များထုတ်လုပ်ရန်မဟုတ်ဘဲ အရပ်ဘက်ဆိုင်ရာရည်ရွယ်ချက်များအတွက်သာ ဖြစ်ကြောင်း ကာလရှည်ကြာဆွဲကိုင်ထားခဲ့သည်။ သို့သော် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များကမူ အီရန်၏ ကတိကဝတ်ကို မဟုတ်မှန်ကြောင်း တစ်စိုက်မတ်မတ် ပြောဆိုလျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အီရန်လွှတ်တော်က အီရန်၏ နျူကလီးယားစက်ရုံတိုးချဲ့တည်ဆောက်ရေးအတွက် ဥပဒေမူကြမ်းလက်ခံရရှိထားပြီးဖြစ်ကြောင်းနှင့် လွှတ်တော်အတွင်း၌ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ တိုးချဲ့တည်ဆောက်ရာတွင် စစ်ရေးဆိုင်ရာအစီအစဉ်များပါရှိခြင်း ရှိ၊ မရှိကိုမူ ရှင်းရှင်းလင်းလင်းမသိရှိရသေးပေ။ သို့သော် မကြာသေးမီက အီရန်တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်များသည် စစ်ဘက်အစီအစဉ်များပါရှိကြောင်း ရည်ညွှန်းလျက်ရှိသည်။



ဝါရင့်နိုင်ငံရေးသမားကာမယ်ခါရာဇီက အီရန်တည်ရှိမှုကို ခြိမ်းခြောက်လာမည်ဆိုလျှင် အီရန်၏ ဟန့်တားမှုအဆင့်အတန်းသည် ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နျူကလီးယားဗုံးထုတ်လုပ်ရန် အစီအစဉ် မရှိသေးသော်လည်း ခြိမ်းခြောက်မှုများရှိလာမည်ဆိုလျှင် အခြေအနေအရ ပြောင်းလဲသွားရမည်ဖြစ်ကြောင်း တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားသွားခဲ့သည်။

အီရန်နိုင်ငံတွင် တိုင်းပြည်၏ ကာကွယ်ရေးအခြေခံသဘောတရားပြုပြင်ပြောင်းလဲရေးအတွက် တောင်းဆိုမှုများသည် ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာလျက်ရှိသည်။ အောက်တိုဘာ ဒုတိယပတ်အတွင်း ဥပဒေပြုလွှတ်တော်အမတ် ဦးရေ ၄၀ သည် အီရန်၏ အထွေထွေလုံခြုံရေးမူဝါဒနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များချမှတ်သော အမျိုးသားလုံခြုံရေးကောင်စီအဓိပတိထံသို့ စာတစ်စောင်ရေးသားပေးပို့ခဲ့သည်။

လွှတ်တော်အမတ်များက အမျိုးသားလုံခြုံရေးကောင်စီကို လက်ရှိ နျူကလီးယားမူဝါဒအပေါ် ပြန်လည်သုံးသပ်ရန်နှင့် လက်ရှိပြောင်းလဲဖြစ်ပေါ်မှုများကြောင့် နျူကလီးယားဗုံးထုတ်လုပ်မှု လုပ်ဆောင်သွားသင့်ကြောင်း တောင်းဆိုထားရှိသည်။ အလားတူ အစ္စလာမ့်စ်တော်လှန်ရေးအဖွဲ့ ထူထောင်သူနှင့် ခေါင်းဆောင်ဟောင်းဖြစ်သူ ရူဟိုလာခိုမေနီ၏ မြေးတော်စပ်သူ အယာတိုလာဟာဆန်ခိုမေနီကလည်း အစ္စရေးကိုတိုက်ခိုက်နိုင်ရေးအတွက် ဟန့်တားမှုအဆင့်မြှင့်တင်ရန် တောင်းဆိုထားရှိသည်။

အီရန်မီဒီယာများက အဆိုပါတောင်းဆိုမှုသည် နျူကလီးယားလက်နက်များကို ရည်ညွှန်းခြင်းဖြစ်သည်ဟု ဖော်ပြလျက်ရှိသည်။ လွန်ခဲ့သောသတင်းပတ်က အီရန်နိုင်ငံတွင် ဖြစ်ပွားခဲ့သော မြေငလျင်လှုပ်ခတ်မှုကို နျူကလီးယားစမ်းသပ်မှုဖြစ်နိုင်သည်ဟုလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။ သို့သော် အမေရိကန်ကမူ အီရန်အနေဖြင့် နျူကလီးယားလက်နက်ထုတ်လုပ်နေသည်ဆိုသော အထောက်အထားကို လက်ရှိအချိန်ထိ တွေ့ရှိရခြင်းမရှိသေးကြောင်း ပြောဆိုခဲ့သည်။

**နျူကလီးယားစာချုပ်ပြန်လည်သုံးသပ်မှုအလားအလာ**

၂၀၁၅ ခုနှစ်တွင် အီရန်နိုင်ငံသည် ကုလသမဂ္ဂအမြဲတမ်းလုံခြုံရေးကောင်စီအဖွဲ့ဝင် ငါးနိုင်ငံအပြင် ဂျာမနီနိုင်ငံ၊ ဥရောပသမဂ္ဂတို့နှင့် ပြီးပြည့်စုံသော ပူးတွဲလုပ်ငန်းအစီအမံ(JCPOA)ကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းစာချုပ်သည် နျူကလီးယားစက်ရုံများတွင် ကန့်သတ်ချက်များထားရှိကာ အီရန်နိုင်ငံကို အရပ်ဘက်နျူကလီးယားအစီအစဉ် ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့သည်။ အပြန်အလှန်အားဖြင့် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များသည် အီရန်အပေါ် ပိတ်ဆို့မှုများရုပ်သိမ်းပေးရန် သဘောတူညီခဲ့သည်။

သို့သော် အမေရိကန်သည် သမ္မတ ဒေါ်နယ်ထရမ့်လက်ထက် ၂၀၁၈ ခုနှစ်တွင် အဆိုပါစာချုပ်မှ နုတ်ထွက်ခဲ့ပြီး အီရန်အပေါ် ပိတ်ဆို့မှုများ ထပ်မံချမှတ်ခဲ့သည်။ ထိုအချိန်မှစ၍ အီရန်သည် နိုင်ငံတကာစစ်ဆေးသူများကို နျူကလီးယားအဆောက်အအုံများ စစ်ဆေးခွင့်ကို တားမြစ်ခဲ့သည်။ ထို့ကြောင့် လက်ရှိအချိန်တွင် နျူကလီးယားဗုံးပြုလုပ်နိုင်သည့် အထောက်အကူပစ္စည်းများ အလုံအလောက်ရှိနေပြီဟု ယုံကြည်ရပေသည်။

နျူကလီးယားဆွေးနွေးညှိနှိုင်းမှုများ ပြန်လည်သုံးသပ်ရေးကြိုးပမ်းမှုများသည် မကြာသေးမီနှစ်များထိ ပြန်လည်စတင်နိုင်ခြင်းမရှိသော်လည်း အီရန်သမ္မတအသစ် မာဆွတ်ပီဇက်ရှ်ခီရန်က ၎င်း၏အစိုးရအဖွဲ့အနေဖြင့် နျူကလီးယားဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရေး အနောက်အုပ်စုနှင့် ထပ်မံဆွေးနွေးသွားရန် ဆန္ဒရှိကြောင်း ပြောဆိုလျက်ရှိသည်။

အစ္စရေးနိုင်ငံအနေဖြင့် လွန်ခဲ့သောသတင်းပတ်အတွင်းက လုပ်ဆောင်ခဲ့သော ဒုံးကျည်တိုက်ခိုက်မှုများကို တုံ့ပြန်သောအားဖြင့် အီရန်၏ နျူကလီးယားအဆောက်အအုံများကို တိုက်ခိုက်မှု လုပ်ဆောင်လာမည်ဆိုလျှင် အီရန်အနေဖြင့် နျူကလီးယားအစီအစဉ်မှ လက်နက်ထုတ်လုပ်သွားရန် လိုအပ်လာပြီဆိုသော ထင်မြင်ချက်ပေးမှုများလည်း ရှိနေသည်။

အီရန်အနေဖြင့် စစ်ဘက်နျူကလီးယားအစီအစဉ်ကို ကြေညာသွားမည်ဆိုလျှင် အစ္စရေးနှင့် ဟန့်တားမှုဟန်ချက်ထိန်းညှိနိုင်ကြောင်း ဖော်ပြခြင်းဖြစ်သည့်အတွက် အကြွင်းမဲ့စစ်ပွဲကို ရှောင်ရှားသွားနိုင်မည်ဖြစ်သည်။ အစ္စရေးနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားသည်ဟု ယုံကြည်ရသော်လည်း တစ်ကြိမ်တစ်ခါမျှ အတည်ပြုခဲ့ခြင်းမရှိပေ။

သို့သော် နျူကလီးယားဗုံးထုတ်လုပ်ရေးဆုံးဖြတ်ချက်သည် အီရန်နှင့် ဒေသတွင်းအပေါ် ဂယက်ရိုက်ခတ်မှုများ ရှိလာနိုင်ပေသည်။ အီရန်အပေါ် နိုင်ငံတကာနှင့် ကုလသမဂ္ဂတို့၏ပိတ်ဆို့မှုများ ပိုမိုရှိလာမည်ဖြစ်သည့်အတွက် တီဟီရန်ကို အထီးကျန်နိုင်ငံဖြစ်လာစေမည်ဖြစ်သည်။ ထို့ပြင် အီရန်အနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်လာမည်ဆိုလျှင် ဆော်ဒီအာရေဗျနိုင်ငံကလည်း နျူကလီးယားလက်နက် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသဖြင့် ဒေသတွင်း နျူကလီးယားလက်နက် အပြိုင်အဆိုင်တပ်ဆင်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

**ကိုးကား**

- Israel pressure pushing Iran over the nuclear edge By Asia Times.

# ရန်ကြွေး ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံစေတီတော်၌ ပြုလုပ်



**ရန်ကုန် အောက်တိုဘာ ၂၄**

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ရန်ကြွေး ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို အောက်တိုဘာ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်၌ ပြုလုပ်လုပ်ခဲ့ကြောင်း ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြ၍ သိရသည်။

ရန်ကြွေး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဖြိုးလေးက ရေးသားထားကာ ဒီဒီထက်အောင်နှင့် သူရဿဝါတို့က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ ဝင်းလွင်ထက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲတွင် အပိုင်း (၁၆) ပိုင်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က ရန်ကြွေးလို ဇာတ်လမ်းတွဲပုံစံမျိုး ရှေ့မှာရိုက်ထားတာလဲမရှိသေးဘူး။ ရိုက်လဲမရိုက်ဖူးသေးဘူး။ ရိုက်ချင်တဲ့ ဇာတ်ကလဲ ကျွန်တော်နဲ့ညီအစ်ကိုလိုဖြစ်နေတဲ့ ဖြိုးလေးရိုက်ချင်တဲ့ ဇာတ်လမ်းဖြစ်နေတယ်။ ဖြိုးလေးနဲ့ရိုက်ဖို့ တိုင်ပင်ပြီးရိုက်ဖြစ်တာပါ။ ဇာတ်လမ်းက နည်းနည်းအက်ရှင်ဆန်တယ်။ မိသားစုနှစ်ခုကြားမှာ မတည့်ကြတဲ့ အမုန်းတရား၊ အာဃာတတွေကို ဇာတ်အိမ်တည်ထားတာပါ။ တစ်ယောက်နဲ့တစ်ယောက်က အမုန်းတွေနဲ့ လက်စားချေတာ မကောင်းဘူးဆိုတာလေးတွေ ပါပါတယ်"ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းဦး၊ ဖြိုးလေး၊ နေထွဋ်၊ စူးရှထူးကြည်၊ ချာလီ၊ ဘိုလေး၊ သူရဇော်၊ ဖွဲ့ဝေယံထက်၊ ရှိုင်းလတ်၊ ဝါဆိုမိုးဦး၊ ယမင်းမေဦး၊ ထက်ထက်လင်းလက်၊ ယွန်းအိန္ဒြာကို၊ သဲနဒီစျာန်၊ ဇူးဇူး၊ ထက်သီရိကျော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ယူနီဗာဆယ်၏ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား တွမ်ဟော်လန်း ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၂၄**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား တွမ်ဟော်လန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသစ်တွင် မင်းသား တွမ်ဟော်လန်းသည် မင်းသား မက်ဒါမွန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

တရားဝင်ဇာတ်ကားနာမည် မသိရသေးသည့် အဆိုပါဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ ခရစ္စတိုဖာနိုလန်နှင့် ယူနီဗာဆယ်ကုမ္ပဏီတို့သည် Oppenheimer ဇာတ်ကားတွင် လက်တွဲခဲ့ဖူးသူများဖြစ်ကြသည်။

Oppenheimer ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၉၇၆ သန်းထိရရှိခဲ့ပြီး ဒါရိုက်တာ ခရစ္စတိုဖာနိုလန်သည်လည်း ၎င်းဇာတ်ကားဖြင့်အကောင်းဆုံး ဒါရိုက်တာအော်စကာဆုကို ရရှိခဲ့ကြောင်း၊ ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီသည် ခရစ္စတိုဖာနိုလန်၏ ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# စဉ့်ကိုင်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများကို သရုပ်ဆောင် ခန့်စည်သူနှင့်အနုပညာမောင်နှမများ၊ စေတနာရှင်၊ အလှူရှင်များက ဆန်၊ ဆီ၊ စားသောက်ကုန်များ သွားရောက်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများကို သရုပ်ဆောင် ခန့်စည်သူနှင့် အနုပညာမောင်နှမများ၊ စေတနာရှင်၊ အလှူရှင်များက ဆန်၊ ဆီ၊ စားသောက်ကုန်များကို အောက်တိုဘာ ၂၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ခန့်စည်သူက ပြောပြ၍သိရသည်။

ထိုသို့ လှူဒါန်းရာတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဝန်ပတေ့ကျေးရွာရှိ ရေဘေးသင့် မိသားစုဦးရေ ၃၃၀ အတွက် ဆန်၊ ဆီ၊ စားသောက်ကုန်များကို လှူဒါန်းခဲ့ကြပြီး မန္တလေးမြို့ရှိ ရွှေဆံနွယ်ရတနာဖြိုးဝေ ပရိယတ္တိစာသင်တိုက်၌ ကထိန်လျာသင်္ကန်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"စဉ့်ကိုင်မြို့နယ်ထဲက ဝန်ပတေ့ကျေးရွာမှာ ရေဘေးကြောင့် ပျက်စီး၊ ဆုံးရှုံးသွားခဲ့ရတဲ့ အိမ်ခြေပေါင်း ၃၃၀ ကျော် ပြန်လည်ထူထောင်ဖို့အတွက် ရွှေဆံနွယ်ဆရာတော်ရဲ့ အကူအညီတောင်းခံမှုကြောင့် သွားရောက်လှူဒါန်းခဲ့ကြပါတယ်။ ဝန်ပတေ့ကျေးရွာရှိ ရေဘေးသင့် မိသားစုအယောက် ၃၃၀ ကျော်ပြန်လည်ထူထောင်ရေးအတွက် ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ဆပ်ပြာ၊ ဟင်းခတ်မှုန့်၊ ငံပြာရည်၊ ငါးပိ၊ လက်ဖက်၊ အသားတုံ၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ မုန့်၊ အခြေခံစားသောက်ကုန်၊ အမျိုးသမီးလစဉ်သုံး၊ ပန်းကန်၊ ဇွန်း၊ ခွက်၊ ခေါး၊ ရေသန့်ဘူး၊ ဖိနပ် စတာတွေနဲ့ စုစုပေါင်းကာလတန်ဖိုးငွေကျပ် သိန်း ၂၅၀ လောက်ကို သွားရောက်လှူဒါန်းခဲ့ကြပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။



သရုပ်ဆောင် ခန့်စည်သူနှင့် အနုပညာမောင်နှမများ၊ စေတနာရှင်၊ အလှူရှင်များသည် အောက်တိုဘာ ၄ ရက်ကလည်း ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူဦးရေ ၅၀၀ ကို ဆန်၊ ဆီ၊ စားသောက်ကုန်နှင့် အလှူငွေများကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# Roofman ဖြစ်ရပ်မှန်မှုခင်းဇာတ်ကား၌ မင်းသား ပီတာဒင်းကလတ် ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၂၄**

Mixamax ကုမ္ပဏီ၏ Roofman ဖြစ်ရပ်မှန် မှုခင်းရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ပီတာဒင်းကလတ် လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ် ကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများအရ သိရသည်။

Roofman အမည်ရှိ အဆိုပါ ဇာတ်ကားသစ်တွင် မင်းသား ပီတာဒင်းကလတ်သည် မင်းသား ချန်နင်းတာတမ်၊ မင်းသမီး ကာ့တန်ဒန့်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Roofman ဇာတ်ကားသည် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့ပြီးနောက် ကလေးကစားစရာ အရုပ်ဆိုင်တစ်ဆိုင်၌ ကာလကြာမြင့်စွာ ပုန်းအောင်နေနိုင်ခဲ့သော ဂျက်ဖရီမန်ချက်စတာအမည်ရှိ အမျိုးသားတစ်ဦး၏အဖြစ်မှန်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Roofman ဇာတ်ကားကို ဒါရိုက်တာ ဒါးရက်စီယန်ဖရင့်က ကိုယ်တိုင် ဝတ္ထုဇာတ်ညွှန်းရေးသား၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ချန်နင်းတာတမ်က အဓိကဇာတ်ကောင် ဂျက်ဖရီမန်ချက်စတာအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





# အောက်တိုဘာ ၂၅ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် ဗိုက် ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၄**

အောက်တိုဘာ ၂၅ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် ဗိုက် ရုပ်ရှင်ဇာတ်ကား Premiere Show ကို အောက်တိုဘာ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကဇာတ်ကောင်အဖြစ်ပါဝင် သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကျော်ထက်အောင်က ပြောပြ၍ သိရသည်။

ဗိုက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ရာဇဝင်ကိုက ရေးသားထားပြီး ကြယ်စုသစ်က ဇာတ်ညွှန်း ရေးသားထားကာ အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ပရိသတ်တွေ ကြည့်နေကျမဟုတ်တဲ့ ဟာသဇာတ်လေးပါ။ ဇာတ်လမ်းကလဲ တစ်မူထူးခြားတဲ့ ပုံစံလေးလို့လဲ ပြောလို့ရပါတယ်။ ဗိုက်ကြီးသည်ကိုမှ ယောကျ်ားလေး ဗိုက်ကြီးသည်တွေဆိုတော့ ဒီဇာတ်ကားထဲက ဗိုက်ကို ဆီလီကွန်တွေနဲ့ သေချာပြင်ဆင် ရိုက်ထားတာပါ။ မမဆောင်းက ဘယ်သူနဲ့ရတဲ့ ဗိုက်လဲဆိုတာကတော့ ပရိသတ်တွေကို ပဟေဠိလုပ်တဲ့သဘောပါ။ ယောကျ်ားလေးကိုယ်ဝန်ဆောင်သည်ဆိုတော့ တကယ့်ကိုယ်ဝန်သည်တွေကို လေ့လာပြီး ရိုက်ထားပါတယ်"လို့ သရုပ်ဆောင် ကျော်ထက်အောင်က ပြောပြသည်။

ဗိုက် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ ရှင်မွေလ၊ ဝီလီ၊ မင်းပိုင်၊ မြတ်ကေသီအောင်၊ လီလီကျော်ခိုင်၊ ကြယ်စင်ဖြူ၊ မမဆောင်း၊ မျိုးမျိုးခိုင်၊ မအေးသီတာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။ ASH

# Sixtieth anniversary of 2024 Indian Technical and Economic Cooperation (ITEC) program held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address





Senior General Min Aung Hlaing and Daw Kyu Kyu Hla enjoy a performance at the sixtieth anniversary of 2024 Indian Technical and Economic Cooperation (ITEC) program.

**Nay Pyi Taw October 24**

Sixtieth anniversary of 2024 Indian Technical and Economic Cooperation (ITEC) program was held at MICC 2 here this evening, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, Joint SAC Secretary General Ye Win Oo and wife, SAC members and wives, union ministers, union level officials and wives, Indian Ambassador to Myanmar H.E. Mr. Abhay Thakur and wife, senior military officers from Office of Commander-in-Chief and wives, deputy ministers, military attaché and officials of the Indian Embassy in Myanmar.

First, the Indian Ambassador and wife welcomed and greeted the Senior General and party.

Afterwards, a video clip on the ITEC program was screened.

In his greetings, the Indian Ambassador explained the current functions of ITEC program and expressed special thanks to the Senior General and wife for gracing the ceremony with their presence. He said the Senior General's presence highlights the importance of human resources development in Myanmar's multiple development and economic growth. Myanmar observed the Thadingyut festival recently, and India will celebrate Deepawali in the coming week. Both are festivals of lights that are reflecting one another and also serve as the reflection of the close kinship relations between Indian and Myanmar people. With the spirit of the two festivals of lights, the present encouraging historic occasion will further strengthen bilateral relations and friendship and light up the path to closer cooperation between the two countries. May India-Myanmar friendship live long.



Senior General Min Aung Hlaing addresses the sixtieth anniversary of 2024 Indian Technical and Economic Cooperation (ITEC) program.

In his address, the Senior General expressed pleasure for the opportunity to speak at the ceremony as a specially invited dignitary. He said ITEC program stands for a long time as a brand indicating India's determination for knowledge sharing, partnership establishment and global progress. It is a good program.

Diplomatic relations between Myanmar and India began on 4 January 1948, the day on which Myanmar regained independence. It is remarkable to note that the noteworthy bilateral relations and close cooperation were established since the country restored independence.

Myanmar is the only Southeast Asian country that has a long common border with India. The country is touching northeast India through the land border and sharing the maritime border in the Bay of Bengal. Myanmar, located at the meeting point of India's Neighbourhood First Policy and Act East Policy, plays a vital role in the latter's diplomatic undertakings in the Indo-Pacific region. Geographically, Myanmar is located at the focal point between India and Southeast Asia and is a bridge between South Asia and Southeast Asia. So, it is an important country for India.

The Senior General said that he would like to express some points related to the ITEC programme in coincided with the 60th Anniversary of ITEC. The programme was initiated on 15 September 1964, and so far, it has trained more than 200,000 staff from 160 countries. ITEC is important for Myanmar and its public service personnel to enhance their skills and capacity. In previous year, the programme could much benefit skilled workers from all sectors of Myanmar through training courses.

ITEC conducts the short- and long-term courses on relevant subjects, master's courses, doctoral courses and post-graduate courses as well as research programmes. The Senior General expressed his thanks to the Indian government and officials for their offers to award more than 900 scholarship students from January 2021 to September 2024. Moreover, it was reported that the ITEC conducted the electoral capacity enhance courses for staff of the Union Election Commission of Myanmar.

The public service personnel who have completed the courses conducted by ITEC are striving for development of the State as much as possible. At present, some of them are serving the high-ranking duties. Their experiences and knowledge and initiatives in the relevant workplaces and research process in addition to enhancement of productivity benefit

*See Page 13*




MoUs being exchanged by officials from Myanmar and India.

# Heads of delegations to 42nd ASEANAPOL Conference from member countries, delegation led by executive director of ASEAN Police Secretariat pay courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing



Senior General Min Aung Hlaing receives heads of delegations from member countries of the ASEANAPOL and the delegation led by the executive director of the ASEAN Police Secretariat.

**Nay Pyi Taw October 24**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received heads of delegations from member countries of the ASEANAPOL and a delegation led by the executive director of the ASEAN Police Secretariat that attended the 42nd ASEANAPOL hosted by Myanmar at the parlour of the Credentials Hall of the Office of the Chairman of the SAC in Nay Pyi Taw this morning.

Also present together with the Senior General were Joint Secretary General Ye Win Oo and Member Lt-Gen Yar Pyae of the SAC, Chief of the Myanmar Police Force Police Lt-Gen Win Zaw Moe and responsible officials from the Ministry of Foreign Affairs while police chiefs and senior officers from Brunei, Cambodia, Indonesia, Laos, Malaysia, Philippines, Thailand and Vietnam and the executive director of the ASEAN Police Secretariat, who attended the 42nd ASEANAPOL Conference, paid a courtesy call on the Senior General.

During the courtesy call, the Senior General extended greetings, saying the police are an organization that is mainly responsible for internal security and the role of the police is very comprehensive and important. It is necessary for members of the ASEAN to work together in combats against transnational crimes that require cooperation. Drug trafficking, arm smuggling and online scams can be prevented and suppressed effectively by cooperation among the police of respective countries. In conclusion, the Senior General expressed thanks for attending the 42nd ASEANAPOL Conference hosted by Myanmar.

Then the chief of the MPF reported to the Senior General on objectives and activities of the conference.

Afterward, heads of the delegation and the executive director of the ASEAN Police Secretariat introduced themselves one by one and discussed hospitality of Myanmar during the conference, cooperation for training among the police forces of the countries and future tasks for combating transnational crimes.

After the discussions, the Senior General and party posed for documentary photographs together with heads of the delegations and the executive director.

100

*From Page 12*

the State in the long-term development process. Moreover, Myanmar-Indian relations are improving in the technological cooperation and other sectors. Bilateral trade between the two countries is also benefiting economic sectors of both countries.

India stands the seventh trade partners of Myanmar, managing a total trade worth US$1,150.181 million with Myanmar up to February of 2023-24 financial year. Moreover, India stands 11th in the chart of investments for 53 investor countries in Myanmar till January 2024.

The Senior General expressed his inspiration for India to stand the most valuable trade partner country. At present, ITEC firmly initiates promotion of cooperation in bilateral trust, friendly relations and mutual respect and other sectors.

At this opportune time, the Senior General expressed gratitude to the Indian government for providing humanitarian aid and relief supplies for Myanmar's flood-affected people suffering impacts of Typhoon Yagi as quickly as possible, showing its friendly relations and good neighbourliness. If Myanmar had chances to attend the courses on Geographic Information (GIS) and remote sensing with necessary assistance to be applied in disaster risk reduction and early warning system, Myanmar would reduce its loss and damage in the disasters. Moreover, ITEC can be dubbed as an important force for South-South Cooperation.

The program today, which celebrates the 60th anniversary of the India Technical and Economic Cooperation (ITEC) program's success, expresses a wish for even greater achievements in the years ahead. It emphasizes that the mutual respect, collaboration, and shared aspirations between the two nations will continue to strengthen the friendly and neighborly relations year after year.

Following this, a ceremony was held to exchange Memoranda of Understanding (MoUs) and implement Quick Impact Projects (QIPs) between the Republic of the Union of Myanmar and India. The agreements include projects such as upgrading the digital science lab, providing teaching aids to the Administrative Development Training School in Myanmar, a rural water supply project using solar energy in drought-affected villages in the central dry zone, constructing an artificial intelligence lab at Yangon Technological University, and a pilot project for rural development using agricultural waste for slow pyrolysis to produce tar-free and dry gas types derived from plastic pyrolysis fuel. The MoUs were exchanged by officials from Myanmar's relevant ministries and the Deputy Chief of Mission of the Indian Embassy, witnessed by Union Minister for Investment and Foreign Economic Relations Dr. Kan Zaw and Indian Ambassador to Myanmar H.E. Mr. Abhay Thakur, in the presence of the Chairman of the State Administration Council and Prime Minister.

Later, the Senior General and wife, and other attendees enjoyed cultural performances by students from the Swami Vivekananda Cultural Centre (SVCC), the Ramayana dance group, and artists from the Ministry of Religious Affairs and Culture's Department of Fine Arts, featuring Indian and traditional Myanmar dances.

Following that, former ITEC trainees shared their experiences.

The Senior General and his wife, as well as attendees, posed for a commemorative photo for the 60th anniversary of the ITEC program in 2024.

Additionally, they attended a dinner held in honor of the 60th anniversary celebration.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှား Kalashnikov ကုမ္ပဏီက ပြည်ပနိုင်ငံတစ်ခုသို့ KUB-E တိုက်ခိုက်ရေးဒရုန်းကို ရောင်းချနိုင်ရန် လက်မှတ်ရေးထိုး



ရုရှားနိုင်ငံ၏ ထိပ်တန်းစစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Kalashnikov Group ကုမ္ပဏီသည် ပြည်ပနိုင်ငံတစ်ခုသို့ KUB–E (UB) တိုက်ခိုက်ရေးဒရုန်းကို ရောင်းချနိုင်ရန်အတွက် နိုင်ငံတကာ သဘောတူညီမှုစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဝယ်ယူရေးသဘောတူညီချက်သည် ပြည်တွင်းဈေးကွက်ကို ကျော်လွန်၍ တင်ပို့ရောင်းချနိုင်ခဲ့မှုအတွက် ပထမဆုံးမှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

KUB–E တိုက်ခိုက်ရေးဒရုန်းသည် တိုက်ပွဲဝင်ထိရောက်မှုကို သက်သေပြခဲ့ပြီးဖြစ်ပြီး အထူးသဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ လွှမ်းခြုံထားသည့် ဧရိယာများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသည်။ အဆိုပါတိုက်ခိုက်ရေးဒရုန်းကို ရန်သူ့နယ်မြေအတွင်းပိုင်းများသို့ ထိုးဖောက်တိုက်ခိုက်နိုင်စေပြီး တစ်စင်းချင်းသော်လည်းကောင်း၊ အုပ်လိုက်သော်လည်းကောင်း နှစ်မျိုးစလုံးကို တိုက်ပွဲဝင်အသုံးပြုနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်။ ဘက်စုံအသုံးပြုနိုင်ပြီး လေတိုက်နှုန်းတစ်စက္ကန့်လျှင် ၁၀ မီတာထိ၊ ရာသီဥတုအခြေအနေများအောက်တွင် နေ့ရောညပါ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

KUB–E တိုက်ခိုက်ရေးဒရုန်း၏ ထိန်းကျောင်းရေးစနစ်များသည် မြေပြင်ကွပ်ကဲမှုဌာနချုပ်များသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်စေပြီး စစ်မြေပြင်၌ နည်းဗျူဟာမြောက်အသုံးချနိုင်မှုကို အဆင့်မြှင့်တင်ပေးနိုင်စွမ်းရှိသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံးအဆင့် စမ်းသပ်မှုများလုပ်ဆောင်ခဲ့ပြီးနောက် KUB–E တိုက်ခိုက်ရေးဒရုန်းကို ၂၀၂၂ ခုနှစ်တွင် အများအပြားထုတ်လုပ်နိုင်ခဲ့ကာ ယူကရိန်းအထူးစစ်ဆင်ရေးတွင် တာဝန်ထမ်းဆောင်နေသော ရုရှားတပ်ဖွဲ့များနှင့် နိုင်ငံတကာမှဖောက်သည်များအတွက် အရေးပါသော စစ်လက်နက်ပစ္စည်းတစ်ခု ဖြစ်လာခဲ့သည်။

ရုရှားနိုင်ငံ Kalashnikov ကုမ္ပဏီ၏ ထုတ်လုပ်မှုစွမ်းပကားသည် လက်ရှိတွင် ရုရှားနိုင်ငံအတွင်း ပြည်တွင်းလိုအပ်ချက်များကို လစ်ဟင်းမှုမရှိစေဘဲ နိုင်ငံတကာက ဝယ်လိုအားများကိုပါ ဖြည့်ဆည်းပေးနိုင်စွမ်းရှိကြောင်း သိရသည်။ ယခုကဲ့သို့ နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ခဲ့မှုသည် ကုမ္ပဏီ၏ ကာကွယ်ရေးထုတ်ကုန်ပစ္စည်းများ ရောင်းအားမြှင့်တင်စေရန်အတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်ကြောင်း သိရသည်။

တောင်ပံအလျား ၁ ဒသမ ၂၁ မီတာ၊ ကိုယ်ထည်အရှည် သုည ဒသမ ၉၅ မီတာနှင့် ခဲယမ်းအလေးချိန် သုံးကီလိုဂရမ် သယ်ဆောင်စစ်ဆင်နိုင်သော KUB–E တိုက်ခိုက်ရေးဒရုန်းသည် အခြေခံအဆောက်အအုံများ၊ အပေါ့စားသံချပ်ကာယာဉ်များနှင့် ရန်သူ့တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည်။ တိုက်ခိုက်ပုံနည်းလမ်းမှာ အသံဆိတ်ငြိမ်စွာ ပျံသန်း၍ ပစ်မှတ်အပေါ်သို့ ဒေါင်လိုက်ထိုးစိုက်ဆင်းကာ တိုက်ခိုက်ခြင်းဖြစ်ပြီး သံချပ်ကာအထူ ပါးလွှာသောတင့်ကား၏အမိုး၊ ဆုံလည်တို့ကဲ့သို့ နေရာများကို ရွေးချယ်ပစ်မှတ်ထားကာ တိုက်ခိုက်နိုင်စေမည်ဖြစ်သည်။

KUB–E တိုက်ခိုက်ရေးဒရုန်းသည် အလျင်နှုန်း ကီလိုမီတာ ၁၃၀ ဖြင့် လေထဲတွင် မိနစ် ၃၀ ကြာ ပျံသန်းနေနိုင်ကာ တိုက်ခိုက်ခြင်းမပြုမီ ပစ်မှတ်ပေါ်၌ ပျံဝဲစောင့်ကြည့်နိုင်စွမ်းလည်းရှိသည်။ သမားရိုးကျရေဒါစနစ်များကို ရှောင်ကွင်းနိုင်စွမ်းရှိသောကြောင့် လေကြောင်းရန်ကာကွယ်ရေး စနစ်များရှိသော ရန်သူ့တပ်ဧရိယာများပေါ်တွင် မကြာခဏ အသုံးပြုလေ့ရှိကြောင်း သိရသည်။

Abu Dhabi မြို့တွင် ပြုလုပ်ခဲ့သော IDEX 2019 ကာကွယ်ရေးပြပွဲ၌ ပထမဆုံးမိတ်ဆက်ပြသခဲ့သော KUB–E တိုက်ခိုက်ရေးဒရုန်းသည် ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ထိရောက်စွာတိုက်ပွဲဝင်နိုင်ကြောင်း သက်သေပြနိုင်ခဲ့ပြီး လက်တွေ့မြေပြင်တိုက်ပွဲများ၌ စမ်းသပ်မှုများအကြိမ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။ အမြန်သွားရေယာဉ်များမှ လွှတ်တင်နိုင်ရန်အတွက် ရေတပ်သုံး မျိုးကွဲတစ်ခုကိုလည်း ထုတ်လုပ်နိုင်ခဲ့ပြီး ဘက်စုံအသုံးပြုနိုင်စွမ်းရည်ကို အဆင့်မြှင့်တင် လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Kalashnikov to Deliver KUB–E Loitering Munitions to an International Client ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေး SpearUAV ကုမ္ပဏီက Viper ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသခဲ့



အစ္စရေးနိုင်ငံအခြေစိုက် SpearUAV ကုမ္ပဏီက မြေပြင်သွားယာဉ်များနှင့်အခြေစိုက်စခန်းများကို အပေါ်စီးမှတိုက်ခိုက်လာနိုင်သောလက်နက်များ (Top–Attack Weapons)ရန်မှ ကာကွယ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် Viper အုပ်စုဝင် နောက်ဆုံးပေါ် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဒရုန်းသစ်သည် တိုက်ခိုက်ရေးဒရုန်းများနှင့် Loitering Munitions များကဲ့သို့သော လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို တန်ပြန်ချေမှုန်းနိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားခြင်း ဖြစ်ကြောင်းလည်း သိရသည်။

Viper ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် ပြောင်းလွယ်ပြင်လွယ်သောဖွဲ့စည်းတည်ဆောက်ပုံ ဒီဇိုင်းမျိုးဖြစ်သည့်အတွက် ထောက်လှမ်းခြင်း၊ စိစစ်ခွဲခြားခြင်းနှင့် တိုက်ခိုက်ဖျက်ဆီးခြင်းများကို တိကျစွာလုပ်ဆောင်နိုင်ရန် အာရုံခံကိရိယာများ၊ ထိပ်ဖူးများအဆင်ပြေစွာ ထပ်မံပေါင်းစည်း အသုံးပြုနိုင်လိမ့်မည်ဖြစ်သည်။ ထို့ပြင် မြန်နှုန်းမြင့် ရွေ့လျားပျံသန်းနေသော ပစ်မှတ်များကို ခြေရာခံထိန်းကျောင်းတိုက်ပွဲဝင်နိုင်ရန် အဆင့်မြင့် အသိဉာဏ်တုနည်းပညာတပ်ဆင်အသုံးပြုထားသည်။

Viper ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို Spear ကုမ္ပဏီထုတ် ဘက်စုံသုံးဒရုန်းပစ် လောင်ချာ(Multi Canister Launcher)မှ ပစ်လွှတ်နိုင်မည်ဖြစ်ပြီး နည်းဗျူဟာမြောက်ယာဉ်အမျိုးမျိုး၊ မြေပြင်အခြေစိုက်နှင့် လှုပ်ရှားတပ်ရင်းတပ်ဖွဲ့များနှင့်အတူတပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်သည်။ ဒရုန်းပစ်လောင်ချာကို နည်းဗျူဟာမြောက်ယာဉ်များပေါ်တွင် တပ်ဆင်အသုံးပြုမည်ဆိုပါက ရွေ့လျားမောင်းနှင်နေစဉ်တွင်ပင် ပစ်လွှတ်နိုင်စွမ်းရှိမည်ဖြစ်သည်။

Viper ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို အရွယ်အစား၊ အလေးချိန်နှင့် ပါဝါအသုံးပြုမှု အစရှိသည့်စိန်ခေါ်မှုများကို ကျော်လွှား၍ အဆင်ပြေစွာတပ်ဖြန့်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး ဒရုန်းပစ်လောင်ချာတစ်ခုမှ အများအပြားတပ်ဖြန့်အသုံးပြုနိုင်ရန်လည်း ပြင်ဆင်ဖွဲ့စည်းနိုင်မည်ဖြစ်သည်။

ထို့ပြင် ၎င်းကိုအဆင့်မြင့် ပစ်မှတ်ရှာဖွေထောက်လှမ်းရေးနှင့် စောင့်ကြည့်ထောက်လှမ်းရေး စွမ်းရည်များအတွက် C4I တိုက်ပွဲဝင် စီမံခန့်ခွဲမှုစနစ်များနှင့် ပေါင်းစပ်အသုံးပြုနိုင်သည်။

ကျွန်ုပ်တို့၏ အာရုံစိုက်မှုသည် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်နှင့်ရှင်သန်ရပ်တည်နိုင်စွမ်းကိုမြှင့်တင်ရန် အစ္စရေး၏အဆင့်မြင့်နည်းပညာ ဆန်းသစ်တီထွင်မှုကို အသုံးချခြင်းဖြစ်ကြောင်း၊ Viper ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် စစ်မြေပြင်တွင် လှုပ်ရှားတပ်ဖွဲ့များရင်ဆိုင်ကြုံတွေ့နေရသည့် ပြောင်းလဲလာသောခေတ်သစ်စိန်ခေါ်မှုများအပေါ် ထိရောက်သော ဖြေရှင်းချက်နည်းလမ်းများဖန်တီးပေးအပ်ရန် ကျွန်ုပ်တို့၏ ကတိကဝတ်ကို ဖော်ညွှန်းနေခြင်းဖြစ်ကြောင်း SpearUAV ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ Yiftach Kleinman က ပြောကြားခဲ့သည်။

**SpearUAV Launches Viper Top–Attack Drone Interceptor ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၉၈၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၉၈၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၂၄၅၈ ကေစိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၈၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ဝါကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၉၈၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် ဆက်လက် စိုက်ပျိုးလျက်ရှိပါတယ်။ ဝါစိုက်ပျိုးရာမှာ တောင်သူတွေ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးပြီး ဝါစိုက်တောင်သူများလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါစိုက်ပျိုးမှုအနေဖြင့် ဝါတစ်ကေလျှင် ကုန်ကျစရိတ် ငွေကျပ် သုံးသိန်းငါးသောင်းရှိပြီး ဝါတစ်ကေလျှင် ပိဿာ ၁၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဝါကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေထံမှ သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းနေ

**ညောင်တုန်း အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းနေကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် အောက်တိုဘာလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ကန်စွန်းဥများပေါ်နေချိန်ဖြစ်ပြီး ကန်စွန်းဥ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"လက်ရှိဒေသထွက်ကန်စွန်းဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ညောင်တုန်းဒေသကနေ ထွက်ရှိတဲ့ ကန်စွန်းဥတွေက မြန်မာကန်စွန်းဥနဲ့ ကိုရီးယားကန်စွန်းဥအမျိုးအစားတွေ ဖြစ်ပါတယ်။ လက်ရှိ တောင်သူတွေ စိုက်ထားတဲ့ကန်စွန်းဥတွေ ပေါ်ချိန်ဖြစ်ပါတယ်။ အခုလို ကန်စွန်းဥတွေ အရောင်းအဝယ်ကောင်းနေတော့ ကန်စွန်းဥစိုက်တောင်သူတွေနဲ့ ကုန်သည်တွေ အဆင်ပြေလာတာတွေ့ရပါတယ်။ အခုနှစ် ကန်စွန်းဥတွေရောင်းအားကောင်းရတာက ကန်စွန်းဥတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေကောင်းနေတာပါ"ဟု ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ဒေသထွက်ကန်စွန်းဥများကို ဒေသဈေးကွက်အပြင် မအူပင်၊ ပန်းတနော်၊ ရန်ကုန် စသည့်ဒေသများကပါ ဝယ်ယူလျက်ရှိကြောင်း၊ အဆိုပါကန်စွန်းဥများမှာ တစ်ရက်လျှင် ပိဿာချိန် ၁၀၀ မှ ၁၇၀ ထိ အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပုဗ္ဗသီရိမြို့နယ် သာဂလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ကျည်တောင်ကန်ကျေးရွာအုပ်စု သာဂလကျေးရွာ၌ ဒွါဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၆၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သာဂလကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၇၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦးကို ငွေကျပ် ၂၇၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀ ကို ငွေကျပ် ၁၈၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၃ ဦးကို ရန်ပုံငွေကျပ် သိန်း ၆၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၄-၁၀-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နှံ့ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၉၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

**နှစ်နိုင်ငံ အပြန်အလှန်လေးစားမှု ပူးပေါင်းဆောင်ရွက်မှုနှင့် တူညီသည့်မျှော်မှန်းချက်များကိုအခြေပြုပြီး မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းအဖြစ် ရပ်တည်ဆက်ဆံဆောင်ရွက်ရေးတို့သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ခိုင်မြဲလာမည်ဟု ယုံကြည်. . .**

☆ **ကျောဖုံးမှအဆက်**

ITEC ဆိုင်ရာ Video Clip ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (India Technical and Economic Cooperation) ITEC ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ဦးစွာရှင်းလင်းပြောကြားပြီး ယခုကျင်းပသည့် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် ၆၀ ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့ ကိုယ်တိုင်တက်ရောက် ချီးမြှင့်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခြင်းသည် မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးတိုးတက်မှုတို့တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်းကို ဖော်ပြခြင်းပင်ဖြစ်ပါကြောင်း၊ မကြာမီက မြန်မာနိုင်ငံတွင် သီတင်းကျွတ်ပွဲတော်ကို ကျင်းပခဲ့ပြီး လာမည့်ရက်သတ္တပတ်အတွင်း၌လည်း မိမိတို့အိန္ဒိယနိုင်ငံ၌ ဒီဝါလီပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း၊ ထိုပွဲတော်နှစ်ရပ်လုံးမှာ မီးထွန်းပွဲတော်များဖြစ်ပြီး တစ်ခုနှင့်တစ်ခု ရောင်ပြန်ဟပ်သကဲ့သို့ အိန္ဒိယနှင့် မြန်မာလူမျိုးများ အတူတကွပေါင်းစည်းထားသည့် ဆွေမျိုး ရင်းချာပမာ ရင်းနှီးသောဆက်ဆံရေး၏ ရောင်ပြန်ဟပ်မှုတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မီးထွန်းပွဲတော်များ၏ ဖြစ်တည်မှုစိတ်ဓာတ်ဖြင့် သမိုင်းဝင်ပြီး အားရဖွယ်ကောင်းသည့် ယခုအခမ်းအနားသည် မိမိတို့၏ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေကာ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှု လမ်းကြောင်းကို ဆက်လက်ထွန်းလင်းပါစေကြောင်း၊ အိန္ဒိယ-မြန်မာ ချစ်ကြည်ရင်းနှီးမှုအဝွန့်ရှည်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် ၆၀ ပြည့် အထိမ်းအမှတ်အဖြစ်ကျင်းပသည့် ယနေ့အခမ်းအနားတွင် မိမိအနေဖြင့် အထူးဩဘာဝင်သည်တော်အဖြစ်တက်ရောက် အမှာစကားပြောကြားရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ အသိပညာမျှဝေမှု၊ မိတ်ဖက်ထူထောင်မှု၊ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုရရှိရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်မှုမှတစ်ဆင့် ဆောင်ရွက်မှုတို့အပေါ်ထားရှိသည့် သန္နိဋ္ဌာန်ကို ညွှန်ပြသည့် အမှတ်တံဆိပ်တစ်ခုအဖြစ် ကာလရှည်ကြာစွာ ရပ်တည်ဆောင်ရွက်နေသည့် အစီအစဉ်ကောင်းတစ်ခုဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသံတမန်ဆက်ဆံရေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းကြောင်းတစ်လျှောက် နှစ်နိုင်ငံအကြား အလွန်ထူးခြားသည့်ဆက်ဆံရေးနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို လွတ်လပ်ရေးရရှိသည့်အချိန်မှစပြီး ထူထောင်ထားရှိနိုင်ခဲ့သည်ကို အားရဝမ်းမြောက်ဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာထိစပ်နေသည့် တစ်ခုတည်းသော အရှေ့တောင်အာရှနိုင်ငံဖြစ်ကြောင်း၊ အိန္ဒိယအရှေ့မြောက်ဘက်တွင် ကုန်းတွင်းနယ်နိမိတ် ထိစပ်နေသကဲ့သို့ ဘင်္ဂလားပင်လယ်အော်တွင် ရေနယ်နိမိတ်ပါ ထိစပ်နေသည့် နိုင်ငံဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏**"အိမ်နီးချင်း ဦးစားပေးဝါဒ (Neighbourhood First Policy)"**နှင့် **"အရှေ့နှင့်ထိတွေ့ဆက်ဆံရေးမူဝါဒ(Act East Policy)"** တို့၏ဆုံမှတ်တွင်တည်ရှိနေသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ သံခင်းတမန်ခင်းတွင် အင်ဒို-ပစိဖိတ်ဒေသတွင်း အဓိကကျသည့် အခန်းကဏ္ဍကပါဝင်နေကြောင်း၊ ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှဒေသတို့အကြား အချက်အချာကျသည့်နေရာတွင် တည်ရှိနေပြီး တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေးခြင်းကြောင့် အိန္ဒိယနိုင်ငံအတွက် အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် စတင်ထူထောင်မှု၏ နှစ် ၆၀ ပြည့်အခါသမယ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်းနှင့်အတူ မိမိအနေဖြင့် အစီအစဉ်နှင့် ပတ်သက်သည့် အချက်အချို့ကို ဖော်ပြပြောကြားလိုကြောင်း၊ ယခုအစီအစဉ်ကို ၁၉၆၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် စတင်ခဲ့ရာမှ ယခုအခါ စွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းများကို ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ တို့က ဝန်ထမ်းပေါင်း နှစ်သိန်းကျော်တို့ကို လေ့ကျင့်ပို့ချပေးနိုင်ခဲ့ပြီဟု သိရကြောင်း၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် မြန်မာနိုင်ငံနှင့် ပြည်သူ့ဝန်ထမ်းများ၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုမြှင့်တင်ရေးအတွက်လည်း အရေးပါသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်များစွာအတွင်း မြန်မာနိုင်ငံ၏ ကဏ္ဍမျိုးစုံမှ ကျွမ်းကျင်ဝန်ထမ်းများအတွက် အကျိုးများစွာဖြစ်ထွန်းစေခဲ့ပြီး လေ့ကျင့်ရေးသင်တန်းများကိုလည်း ပို့ချပေးနိုင်ခဲ့ကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်မှ ဘာသာရပ်အလိုက် ကာလတို၊ ကာလရှည်၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်သင်တန်းများနှင့် သုတေသနအစီအစဉ်များ များစွာစီစဉ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ပညာသင်ဆု ၉၀၀ ကျော် ကမ်းလှမ်းခဲ့သည်ဟု သိရှိရသည့်အတွက်လည်း အိန္ဒိယအစိုးရနှင့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုကြောင်း၊ ထို့ပြင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ မြန်မာနိုင်ငံ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးဝန်ထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး သင်တန်းများကို ယခင်က ပို့ချပေးခဲ့သည်ကိုလည်း သိရှိရကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်က ဖွင့်လှစ်ပို့ချသည့် သင်တန်းများကို တက်ရောက်ပြီးမြောက်အောင်မြင်ခဲ့ကြသည့် မိမိတို့၏ ပြည်သူ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်တပ်တစ်အား အကျိုးရှိစေမည်ဖြစ်ကြောင်း၊ ယခုအခါ အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နေသူများရှိလာပြီဖြစ်ကြောင်း၊ ၎င်းတို့ တတ်ကျွမ်းမှတ်သားလာသည့် ကျွမ်းကျင်မှုနှင့် အသိပညာများနှင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် တီထွင်ကြံဆမှုများနှင့် သုတေသနလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် အထောက်အပံ့များစွာရရှိပြီး အကျိုးများစွာရှိသည်ကို ပြောကြားလိုကြောင်း၊ ထို့ပြင် မိမိတို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးသည် နည်းပညာ ပူးပေါင်း ဆောင်ရွက်မှုများမှာသာမက အခြားကဏ္ဍများတွင်လည်း တိုးတက်လျက်ရှိပြီး မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် နှစ်နိုင်ငံ၏ စီးပွားရေးကဏ္ဍအသီးသီးအတွက် အကျိုးပြုလျက်ရှိကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ သတ္တမမြောက် ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ စုစုပေါင်း ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၁၅၀ ဒသမ ၁၈၁ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခု အနက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ရင်းနှီးမြှုပ်နှံမှုစာရင်းအရ အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အဆင့် ၁၁ တွင်ရှိနေကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ တန်ဖိုးအထားရဆုံး ကုန်သွယ်ဖက်နိုင်ငံ တစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ယုံကြည်မိကြောင်း၊ ယခု အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် နှစ်နိုင်ငံ အကြား ယုံကြည်မှု၊ ချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရေးတို့အတွက် မြဲမြံသည့် အုတ်မြစ်သဖွယ် လမ်းစဖော်မြှင့်တင်ပေးခဲ့သည်ဟုလည်း ဆိုနိုင်ကြောင်း။

အခွင့်အခါကြုံခိုက်တွင် ပြောကြားလိုသည်မှာ ရာဂိတိုင်ဖွန်းမုန်တိုင်း၏ ဆိုးရွားသည့် သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသည့် ဒေသများမှ ပြည်သူများအတွက် အိန္ဒိယအစိုးရက လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများနှင့် ကယ်ဆယ်ရေး အထောက်အပံ့များကို အလျင်အမြန်ဆုံး လှူဒါန်းပေးခဲ့သည့်အတွက် များစွာကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ အိန္ဒိယနိုင်ငံသည် တကယ့်မိတ်ဆွေကောင်းအဖြစ် အရေးပေါ်အခြေအနေတွင် ကူညီပေးခြင်းသည် ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသမှုကို ထင်ဟပ်စေကြောင်း၊ အကယ်၍ မိမိတို့အနေဖြင့် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်မှ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့် ကြိုတင်သတိပေးစနစ်တွင် အသုံးပြုနိုင်မည့် ပထဝီသတင်းအချက်အလက်နှင့် အဝေးအာရုံခံစနစ်(Geographic

Information (GIS) and remote sensing) စသည့် နည်းပညာများဆိုင်ရာသင်တန်းများ တက်ရောက်လေ့လာပံ့ပိုးမှုများ ရရှိထားခဲ့မည်ဆိုပါက ပျက်စီးဆုံးရှုံးမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု (South-South cooperation)ဆိုသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် အင်အားစုဖြစ်သည်ဟု ရှုမြင်ကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် ၆၀ ပြည့် အောင်မြင်မှုကိုဂုဏ်ပြုသည့် ယနေ့အစီအစဉ်မှသည် နောင်လာမည့်နှစ်များတွင် ပိုမိုကြီးမားသောအောင်မြင်မှုများရရှိပါစေကြောင်းကို ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တူညီသည့် မျှော်မှန်းချက်များကို အခြေပြုပြီး မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းအဖြစ် ရပ်တည် ဆက်ဆံဆောင်ရွက်ရေးတို့သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ခိုင်မြဲလာမည်ဟု ယုံကြည်ထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အိန္ဒိယနိုင်ငံတို့အကြား မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် (Quick Impact Projects-QIPs) အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နားလည်မှုစာချွန်လွှာလဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဒစ်ဂျစ်တယ်မှုခင်းသိပ္ပံဓာတ်ခွဲခန်း အဆင့်မြှင့်တင်ရေးစီမံချက်၊ မြန်မာနိုင်ငံအုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းအတွက် သင်ကြားရေးအထောက်အကူပြု ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်းစီမံချက်၊ မြန်မာနိုင်ငံ အလယ်ပိုင်း၊ အပူပိုင်းဒေသရှိ မိုးခေါင်ရေရှားမှုကြုံတွေ့နေရသည့်ကျေးရွာများ၌ ဆိုလာစွမ်းအင်အသုံးပြု၍ ကျေးလက်ရေထောက်ပံ့ရေးစီမံချက်၊ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အသိဉာဏ်တုဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်းစီမံချက်၊ မြန်မာ့ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများဖြင့် နွေးကွေးသော Pyrolysis ပြုလုပ်ပြီး ကတ္တရာကင်းစင်ပြီး ခြောက်သွေ့သောဓာတ်ငွေ့အမျိုးအစား ရေပုလတ်စတစ် Pyrolysis ဖြစ်စဉ်များမှရရှိသော လောင်စာများကို ပေါင်းစပ်သုံးစွဲခြင်း ဖြစ်စဉ်အား စမ်းသပ်လေ့လာခြင်းစီမံချက်စသည့်နားလည်မှုစာချွန်လွှာများကို မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံသံရုံး ဒုတိယအကြီးအကဲတို့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur တို့ကို သက်သေထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရှေ့မှောက်တွင် လဲလှယ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆွာမိဝိဝေခနန္ဒာယဉ်ကျေးမှုစင်တာ (Swami Vivekananda Cultural Centre-SVCC)မှ ကျောင်းသား၊ ကျောင်းသူများ၊ Ramayana အကအဖွဲ့တို့က အိန္ဒိယယဉ်ကျေးမှုအကအလှများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက Ramayana အက၊ မြန်မာ့ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Cooperation)ITEC သင်တန်းသားဟောင်းများက အတွေ့အကြုံများ မျှဝေရှင်းလင်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် ၆၀ ပြည့်အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၏ နှစ် ၆၀ ပြည့် အထိမ်းအမှတ်ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် ၆၀ ပြည့် အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E. Mr. Abhay Thakur က နှုတ်ခွန်းဆက်စကားပြောကြားစဉ်။




နားလည်မှုစာချွန်လွှာများကို မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံသံရုံး ဒုတိယအကြီးအကဲတို့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur တို့ကို သက်သေထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရှေ့မှောက်တွင် လဲလှယ်ကြစဉ်။

# အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"အရှိန်ကြောင့် ဒေသအလိုက်မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၄


ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"(DANA)သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၀၀ ခန့်၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ဒမ်မရာမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည် ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၅ ရက် နံနက်အစောပိုင်းတွင် အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက် ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြား ဒမ်မရာမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"၏အရှိန်ကြောင့် ယနေ့ ညမှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

၂၄-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ (DANA)" လမ်းကြောင်းပြမြေပုံ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

ရှေ့ဖုံးမှအဆက်

(၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ရဲချုပ်များနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ၊ အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးကို အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏အခန်းကဏ္ဍသည် အလွန်ကျယ်ပြန့်အရေးကြီးကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံအလိုက် ပူးပေါင်းတိုက်ဖျက်ရမည့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို အတူတကွပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံအလိုက် ရဲတပ်ဖွဲ့ဝင်များအချင်းချင်း အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း၊ လက်နက်ခဲယမ်းများ မှောင်ခိုရောင်းချခြင်း၊ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ခြင်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ ပါဝင်တက်ရောက်ခဲ့ကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အာဆီယံရဲအဖွဲ့ညီလာခံများ ကျင်းပပြုလုပ်ခဲ့မှု၊ ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ ကျင်းပခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့က နိုင်ငံအလိုက် တစ်ဦးချင်းမိတ်ဆက်ကြပြီး (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ ကျင်းပနေသည့်ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ညှော်ဝတ်ကျေပွန်စွာဖြင့် စီစဉ်ဆောင်ရွက်ပေးမှု အခြေအနေများ၊ အာဆီယံရဲအဖွဲ့ဝင် နိုင်ငံများအချင်းချင်း လေ့ကျင့်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းနယ်ပယ်များတွင် ပူးပေါင်းတားဆီးနှိမ်နင်းရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မဝ၁)

# (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံပိတ်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို အောက်တိုဘာ ၂၃ ရက်နှင့် ယနေ့တို့တွင် နေပြည်တော်၌ ကျင်းပလျက်ရှိရာ ညီလာခံပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)ပတ္တမြားခန်းမ၌ ကျင်းပသည်။

ညီလာခံ ပိတ်ပွဲအခမ်းအနားသို့ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲချုပ်များ၊ အဆင့်မြင့်ရဲအရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Dialogue Partners) ဖြစ်သည့် ရုရှား၊ ဩစတြေးလျ၊ တရုတ်၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ လေ့လာဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Observers) ဖြစ်သည့် တီမောလက်စ်တေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE)တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညီလာခံ ပိတ်ပွဲအခမ်းအနားတွင် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ၏ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခြင်း၊ အာဆီယံရဲအဖွဲ့အထိမ်းအမှတ်ကမ္ဗည်းပြားကို (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းတော်ဝင်ရဲအဖွဲ့သို့ လွှဲပြောင်းပေးခြင်း၊ ထိုင်းတော်ဝင်ရဲအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဝမ်းမြောက်ကြိုဆိုကြောင်း ပြောကြားခြင်းနှင့် ထိုင်းနိုင်ငံ၏ သဘာဝအလှတရားများကို ဖော်ကျူးထားသည့် ဗီဒီယိုကိုပြသခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ညီလာခံအပိတ်မိန့်ခွန်း ပြောကြားခြင်းတို့ ဆောင်ရွက်ကြပြီး ညပိုင်းတွင် နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို နေပြည်တော်တွင် အောက်တိုဘာ ၂၁ ရက်မှ ယနေ့ထိ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ညီလာခံ ကျင်းပစဉ်ကာလအတွင်း အောက်တိုဘာ ၂၃ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အင်ဒိုနီးရှားနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လာအိုနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲအဖွဲ့တို့ အကြား သီးခြားစီတွေ့ဆုံ၍ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ဆွေးနွေးခြင်း၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ လက်ရှိအိမ်ရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ၂၀၂၅ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းတော်ဝင်ရဲအဖွဲ့တို့အကြား ချစ်ကြည်ရေးဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပခြင်း၊ ဧည့်သည်တော်များ၏ ဇနီးများအတွက် ပြည်ထောင်စုနယ်မြေရှိ နေပြည်တော် အထင်ကရနေရာများသို့ လိုက်လံပို့ဆောင်သည့်အစီအစဉ်အဖြစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်လေ့လာခြင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုလေ့လာခြင်း၊ ဒုတိယအကြိမ် စုံညီအစည်းအဝေးကျင်းပခြင်းနှင့် ညီလာခံပိတ်ပွဲအခမ်းအနားပြီးစီးချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော
ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့
အမိန့်ကြော်ငြာစာအမှတ်၊ ၇/ ၂၀၂၄
၁၃၈၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်)

**ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေ ၂ နည်းဥပဒေခွဲ(ခ)အရ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းသို့ သယ်ဆောင်ခြင်းနှင့် သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ပြုရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်။

၁။ **အခွင့်ရအရောင်းကိုယ်စားလှယ်(Authorized Dealer)ရသည့် ကုမ္ပဏီတွင်ရှိသင့်သည့် စံသတ်မှတ်ချက်များ(Criteria)**

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်ရရှိပြီးသော ကုမ္ပဏီဖြစ်ရမည်။

(ခ) တင်သွင်းမည့် ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအမည်နှင့် အလေးချိန်၊ ထုတ်လုပ်သည့် ပြည်ပကုမ္ပဏီထံမှ အခွင့်ရအရောင်းကိုယ်စားလှယ်(Authorized Dealer) အထောက်အထားစာရွက်စာတမ်း၊ လက်မှတ်မူရင်းတင်ပြနိုင်သူဖြစ်ရမည်။

(ဂ) ထုတ်လုပ်သည့် ပြည်ပကုမ္ပဏီထံမှ ရယူတင်ပြသော အခွင့်ရအရောင်းကိုယ်စားလှယ် (Authorized Dealer)၏ အထောက်အထားစာရွက်စာတမ်း၊ လက်မှတ်မူရင်းတို့တွင် သက်ဆိုင်ရာနိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့(Law Enforcement) ထံမှ ဥပဒေနှင့်အညီခွင့်ပြုထားသော ပစ္စည်းဖြစ်ကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာသံရုံး၏ မှန်ကန်ကြောင်း အထောက်အထား ပူးတွဲတင်ပြနိုင်ရမည်။

(ဃ) တင်သွင်းသည့် ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအစားအလိုက် အမှတ်တံဆိပ်ကို တင်သွင်းသည့်နိုင်ငံတွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့်အမှတ်တံဆိပ်ရရှိပြီးဖြစ်ရမည်။

(င) မြန်မာနိုင်ငံ သွင်းကုန်ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သော ကုမ္ပဏီဖြစ်ရမည်။

(စ) ပြည်တွင်းအခွန်ဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်း သို့မဟုတ် အခွန်အပြည့်အဝပေးဆောင်ပြီးကြောင်း အထောက်အထားနှင့်တကွ တင်ပြရမည်။

(ဆ) အခွင့်ရအရောင်းကိုယ်စားလှယ် (Authorized Dealer) မရရှိသည့် ကုမ္ပဏီအနေဖြင့် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်တွင်းပြန်လည်ရောင်းချသုံးစွဲရန် မူပိုင်ခွင့်ရရှိသည့် ကုမ္ပဏီမှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဝယ်ယူဆောင်ရွက်နိုင်သည်။

(ဇ) ထိန်းချုပ်ဓာတုပစ္စည်း ပြည်ပမှတင်သွင်းခွင့် လျှောက်ထားရာတွင် ပါရှိရမည့်စာရွက်စာတမ်းများအပြင် သိုလှောင်ခြင်း သို့မဟုတ် သယ်ဆောင်ခြင်းတို့အတွက် မလိုလားအပ်သော ဘေးအန္တရာယ်နှင့်ဘေးထွက်ဆိုးကျိုးများမရှိစေရေး လုံခြုံရေးအစီအမံများ စနစ်တကျဆောင်ရွက်ထားသည့် အထောက်အထားများ တစ်ပါတည်းတင်ပြရမည်။

(ဈ) ပြည်တွင်းထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီများအနေဖြင့် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

၂။ **ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း ဆောင်ရွက်ရာတွင် ရှိသင့်သည့်စံသတ်မှတ်ချက်များ(Criteria)**

(က) နိုင်ငံတကာသတ်မှတ်ထားသော စံချိန်စံညွှန်းပြည့်မီသည့် နေရာနှင့် သိုလှောင်ရုံအဆင့်ရှိရမည်။

(ခ) သိုလှောင်ရုံသည် ပြည်သူ့ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က စိစစ်ခွင့်ပြုသော သီးသန့်ဇုန်တွင် တည်ရှိရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့တို့မှ ဘေးအန္တရာယ်နှင့် လုံခြုံရေးဆိုင်ရာ စိစစ်ထောက်ခံချက်ပါရှိရမည်။

(ဃ) ထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်ရုံတွင် မမျှော်မှန်းနိုင်သည့် အရေးပေါ်ကိစ္စများဖြစ်ပေါ်လာပါက အချိန်မီထိန်းချုပ်နိုင်ရေးအတွက် အရေးပေါ်ထိန်းချုပ်ဓာတုပစ္စည်းဆိုင်ရာ ကျွမ်းကျင်သင်တန်း တက်ရောက်ထားပြီးသော ဂိုဒေါင်လုံခြုံရေးဝန်ထမ်းများဖြင့် စနစ်တကျဆောင်ရွက်ရမည်။

(င) သိုလှောင်ရုံအတွင်း အရေးပေါ်ဖြစ်စဉ်ပေါ်ပေါက်ပါက တုံ့ပြန်ထိန်းချုပ်နိုင်ရေး မီးစနစ်၊ ရေစနစ်၊ လေဝင်လေထွက်စနစ်များ အမြဲကောင်းမွန်စေရေး စစ်ဆေးကြပ်မတ်နေရမည်။

(စ) သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေများပါလုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာလိုက်နာရမည်။

(ဆ) သက်ဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့များက ထိန်းချုပ်ဓာတုပစ္စည်းသိုလှောင်ရုံများသို့ လာရောက်စစ်ဆေးခြင်းကို ကုမ္ပဏီတာဝန်ရှိသူများကခွင့်ပြု၍ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃။ **ထိန်းချုပ်ဓာတုပစ္စည်းသယ်ဆောင်ခြင်း ဆောင်ရွက်ရာတွင်ရှိသင့်သည့်စံသတ်မှတ်ချက်များ(Criteria)**

(က) ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအစားအလိုက် နိုင်ငံတကာသတ်မှတ် စံချိန်စံညွှန်းမီသော သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးအစားဖြင့်သာ သယ်ဆောင်ရမည်။

(ခ) ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုချက်ပုံစံ(၁၀)မူရင်း တစ်ပါတည်းပါရှိရမည်။

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့၏ လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်တို့ပါရှိရမည်။

(ဃ) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ သတ်မှတ်ခွင့်ပြုသည့် လုပ်ငန်းလိုင်စင်ရရှိပြီးသော မော်တော်ယာဉ်ဖြစ်ရမည်။

(င) ထိန်းချုပ်ဓာတုပစ္စည်းသယ်ဆောင်မည့် မော်တော်ယာဉ်၏ ယာဉ်မောင်းသည် “င” ယာဉ်မောင်းလိုင်စင်ကိုလည်းကောင်း၊ ယာဉ်နောက်လိုက်သည် ယာဉ်အကူလိုင်စင်ကိုလည်းကောင်း ရရှိပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လိုက်နာရမည့် ရှောင်ရန်နှင့် ဆောင်ရန်အချက်များကို သိရှိလိုက်နာသူဖြစ်ရမည်။

(စ) ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအစားအလိုက် သိုလှောင်မှုနှင့် သယ်ဆောင်မှုစနစ်များအတိုင်း စနစ်တကျလိုက်နာရမည်။

ဥက္ကဋ္ဌ
မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော
ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

# အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ ၇၅ ဘဏ်မြောက် ပြည်ကြီးတံခွန်ဘဏ်ခွဲဖွင့်လှစ်



အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ ၇၅ ဘဏ်မြောက် ပြည်ကြီးတံခွန်ဘဏ်ခွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့တော်ဝန်နှင့် အင်းဝဘဏ်လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ အင်းဝဘဏ်လီမိတက်၏စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ ၇၅ ဘဏ်မြောက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘဏ်ခွဲပရဝဏ်၌ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် အင်းဝဘဏ်လီမိတက်မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊မြို့တော်ဝန်နှင့် အင်းဝဘဏ်လီမိတက်မှအုပ်ချုပ်မှုဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အင်းဝဘဏ်လီမိတက် ပြည်ကြီးတံခွန်ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဘဏ်ခွဲကမ္ပည်းမော်ကွန်းဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ပြည်ကြီးတံခွန်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၇၅ ဘဏ်မြောက်ဘဏ်ခွဲဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၇၈ လမ်း (ရန်ကုန်-မန္တလေးကားလမ်း) ၁၁၅လမ်းနှင့် ၁၁၇ လမ်းကြား ကျွဲဆည်ကန်ရပ်တွင် တည်ရှိကာ အပ်ငွေများလက်ခံခြင်း၊ငွေစုဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ငွေလွှဲလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ(Payment Order)များ ထုတ်ပေးခြင်း၊ဘဏ်အာမခံ(Bank Guarantee) အမျိုးမျိုးထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်းစသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားမည် ဖြစ်သည်။

အင်းဝဘဏ် လီမိတက်အနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူများအကြား ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ အဆင်ပြေလွယ်ကူချောမွေ့စွာလည်ပတ်နိုင်ရေး၊ကောင်းမွန်သောဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်တွင်း ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ်အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့်စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့်အချိန်ကာလအပိုင်းအခြားအလိုက်မူတည်၍ ၁၁ ရာခိုင်နှုန်းထိ အတိုးနှုန်းများပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းမတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိကာ ယခုဖွင့်လှစ်သည့်ပြည်ကြီးတံခွန်ဘဏ်ခွဲသည်အင်းဝဘဏ်လီမိတက်၏ ၇၅ ဘဏ်မြောက် စိန်ရတုဘဏ်ခွဲဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ၁)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ထောက်ပံ့ငွေပေးအပ်



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ထောက်ပံ့ငွေပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄** နတ်တလင်းမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နတ်တလင်းမြို့ တာပွန်တောင်ပိုင်း(၂) ရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယ အဆင့်)ဖြစ်သူ တပ်သားဉာဏ်အေး (အငြိမ်းစား)အား အသက် ၁၀၁ နှစ်ဂါရဝပြု ထောက်ပံ့ငွေများကို ယနေ့နံနက်ပိုင်းက သွားရောက်ပေးအပ်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တပ်သားဉာဏ်အေး(အငြိမ်းစား) အား ဂါရဝပြုနှုတ်ဆက်စကားပြောကြား ပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့ငွေကျပ် ၅၀၀၀၀နှင့် နတ်တလင်း မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ထောက်ပံ့ ငွေကျပ် ၅၀၀၀၀ ကို ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များက ဂါရဝပြုထောက်ပံ့ပေးအပ် ကြသည်။

အလားတူ ပေါင်မြို့နယ် စစ်မှုထမ်း ဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကဒုံစီးရပ်ကွက်နေ တပ်သားချစ်လှ (အငြိမ်းစား)အသက် ၁၀၂ နှစ်အား ဂါရဝပြု ထောက်ပံ့ငွေများ သွားရောက်ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။ (၅၀၁)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄** အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ် နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက် ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက် ဖြင့် N.P.K Motors Co., Ltd က တင်သွင်း လာသော တရုတ်နိုင်ငံထုတ် LEAPMO-TOR T03(STANDARD) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Uni-trust Enterprise Group of Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR03 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန် ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)



## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင် ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက် ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်း ဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်း အဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင် နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်း ရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန် ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစား ယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထား သူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့ စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေး နိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင် နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ ပေးနိုင်သည်။

# မြစ်ကြီးနားမြို့နှင့် တွံတေးမြို့နယ် မငေးအလယ်ကျေးရွာအုပ်စု အလယ်ကျေးရွာတို့ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အံတော်ရှင်တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မငေးအလယ်ကျေးရွာအုပ်စု အလယ်ကျေးရွာရှိ သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ဦးရေ ၁၄၀ တို့ကို အဆိုပါကျေးရွာ သာသနာဝေပုလ္လဘုန်းတော်ကြီးကျောင်း၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ကလေးရောဂါ၊အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မန္တလေးမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့များက ကုန်သိုလှောင်ရုံနှင့် ဂိုဒေါင်များ ဝင်ဖောက်ခြင်း၊ တရားဝင် တင်သွင်းထားသော ကုန်ပစ္စည်းများကိုပါ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်ဟု သတင်းတု၊သတင်းမှားများ လွှံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၄

မန္တလေးမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့များနှင့် ပူးပေါင်းအဖွဲ့များက ကုန်သိုလှောင်ရုံနှင့်ဂိုဒေါင်များဝင်ဖောက်ခြင်း၊ တရားဝင်တင်သွင်းထားသော ကုန်ပစ္စည်းများကိုပါ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ မန္တလေးမြို့ရှိသက်ဆိုင်ရာတာဝန်ရှိသူများ၏ပြောကြားချက်အရ မန္တလေးမြို့အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်ခိုအောင်းမှု မရှိစေရေးလိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် လုံခြုံရေးပူးပေါင်းအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြောင်းမဲ့ဝင်ရောက်ဖမ်းဆီးစစ်ဆေးခြင်း မရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် ဥပဒေနှင့်အညီသာ တားဆီးစစ်ဆေးကြပ်မတ်လျက်ရှိကြောင်းနှင့်အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အခြေအမြစ်မရှိသည့် သတင်းမှားများဖြင့် ပြည်သူလူထုအား သတင်းအဆိပ် ခတ်နေခြင်းသာဖြစ်ကြောင်း သိရသည်။ (၅၀၁)

# ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၃ ဒသမ ၉၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၉ ဒသမ ၈ သိန်း ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၃ ဒသမ ၉၈ ဘီလီယံတန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၃၉ ဒသမ ၈ သိန်းဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။


မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၂၉)ရပ်ကွက်တွင် ဝင်းထွဋ်မောင်းနှင်ပြီး တင်မောင်လတ်(ခ)ကရဒ်ဘိုင်လိုက်ပါလာသည့် FIELDER မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီ၌ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၂၉)ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ခဲ့သည့် TOY-OTA SUCCEED မော်တော်ယာဉ် တစ်စီးနှင့် ညနေ ၅ နာရီခွဲတွင်ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ကျီစု(အနောက်)ရပ်ကွက် ရွှေကျီးလမ်းသွယ်ရှိ ဝင်းထွဋ်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆ ဒသမ ၈ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၉၈ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၉ ဒသမ ၈ သိန်းသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်နေ စိုင်းဆိုင်နွံ(ခ)ပီနွံနှင့် ကျေးသီးမြို့နယ်နေ ဟန်သိန်း(ခ)စိုင်းဆန်ဆွေတို့ကရောင်းချခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ် မောင်တောမြို့နေ စိုးမြင့်(ခ)ဇီဘူရာမောက်က ဝယ်ယူခြင်းဖြစ်ကြောင်း၊သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် ငွေကြေးလွှဲပြောင်းခြင်းတို့ဆောင်ရွက်သည့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်နေ စိုးမိုးအောင်(ခ) မိုလ်ဇူရာမန်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ ကျော်ဝင်းစိုးနှင့် ဇနီး မသီတာဝင်း(ခ) ယာစမင်းတို့ကို ဆက်လက်ဖော်ထုတ် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# PDF အမည်ခံအကြမ်းဖက်သမားများက မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ စာသင်ကျောင်းအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူအချို့ ထိခိုက်ဒဏ်ရာများရရှိ

မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb ပစ်ချတိုက်ခိုက်သည့် ဖြစ်စဉ်နေရာပြပုံ




နေပြည်တော် အောက်တိုဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းကို ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် အကြောင်းမဲ့ပစ်ချတိုက်ခိုက်မှုကြောင့် ဆရာမ တစ်ဦး၊ ကျောင်းသူ သုံးဦးနှင့် ဒေသခံပြည်သူ တစ်ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိစဉ် ယနေ့နံနက် ၁၁နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဆရာမ တစ်ဦး၊ ကျောင်းသူ သုံးဦးနှင့်ဒေသခံပြည်သူ အမျိုးသမီး တစ်ဦးတို့ ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက်သမားများ သည်ယခုကဲ့သို့စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေသည့်ပညာရေးဆိုင်ရာအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ငွေကျပ် ၂၅၄၀၂ သိန်းကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ ကို သေနတ်ပြခြိမ်းခြောက်ရိုက်နှက်၍လုယက်သူ တရားခံ အမျိုးသား သုံးဦးကို သက်သေခံရွှေထည်ပစ္စည်း၊ငွေများနှင့်အတူ ဖမ်းဆီးရမိ




**နေပြည်တော် အောက်တိုဘာ ၂၄**

အောက်တိုဘာ ၂၁ ရက် ည ၆ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းစိန်လမ်းနှင့် ဆင်ရေတွင်းလမ်းထောင့်ရှိ **"မြရွှေယုံ"** ရွှေဆိုင်မှ ရွှေထည်ပစ္စည်းမျိုးစုံ ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ တို့ကို သံသေတ္တာ သုံးလုံးဖြင့်သိမ်းဆည်းကာ ယာဉ်မောင်းတစ်ဦးတည်းမောင်းနှင်သည့် ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် သယ်ဆောင်စဉ်လှိုင်မြို့နယ်ရှိ ရွှေဆိုင်ပိုင်ရှင်၏ နေအိမ်ရှေ့အရောက် မော်တော်ယာဉ်တစ်စီးဖြင့် အမျိုးသား လေးဦးရောက်ရှိလာပြီး သေနတ်တစ်ချက်ပစ်ခတ်၍ ယာဉ်မောင်းကို ဝိုင်းဝန်းရိုက်နှက်ကာ ကားနောက်ဖုံးမှန်ကို တူဖြင့်ထု၍ရွှေထည်ပစ္စည်းနှင့် ငွေများထည့်ထားသည့်သေတ္တာသုံးလုံးလုယူထွက်ပြေးသွားသဖြင့် ပိတောက်ချောင်းနယ်မြေရဲစခန်းက (ပ)၉၃/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုရေးဖွင့် ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးအဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ အောက်တိုဘာ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) ရပ်ကွက် ပါရမီလမ်းနှင့် သုမင်္ဂလာလမ်းဆုံတွင် စမ်းချောင်းမြို့နယ် မြေနီကုန်း မြောက်ရပ်ကွက် မြေနီကုန်းဈေးလမ်း တိုက်အမှတ်(၄၁)၊ လေးလွှာ အခန်း(4A)နေ မသက်ထားခိုင်(ခ)ရည်မွန်အေး ၃၇ နှစ်ကို မသင်္ကာသဖြင့်စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်း၌ လုယက်မှုမှပါဆုံးသွားသော ပလက်တီနမ် ရွှေဖြူဆွဲကြိုး ရှစ်ကုံးနှင့် ငွေကျပ် ၁၀ သိန်းတို့ကိုတွေ့ရှိပြီး ၎င်း၏ ခင်ပွန်းဖြစ်သူ **ထက်အောင်ခိုင်**က ရောင်းချခိုင်းလိုက်ကြောင်း သိရသဖြင့် တရားခံ **ထက်အောင်ခိုင်** ၃၆ နှစ်(ဘ)ဦးအေးချို ကို ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

**ထက်အောင်ခိုင်**၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဒသမ ၃၂ ဗို့ ခြောက်လုံးပြူး တစ်လက်၊ S&WL ကျည် ကိုးတောင့်၊ ၎င်းကျည်ခွံတစ်ခု၊ ငွေစက္ကူရောရာ ၁၈ သိန်းကျပ်၊ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ(စိစစ်ဆဲ)တို့ကို ဆက်လက်သိမ်းဆည်းရမိခဲ့သည်။

ဆက်လက် စစ်ဆေးပေါ်ပေါက်ချက်အရ လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပေါက်စုကျေးရွာနေ တရားခံ **ကျော်ကြီး(ခ)ကျော်ဇင်ဟိန်း** ၂၂ နှစ် (ဘ) ဦးထွန်းထွန်းနှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် အမှတ်(၈)ရပ်ကွက်နေ တရားခံ **စောပိုင်ဇော်ဦး(ခ) ပိုင်ကြီး** ၃၅ နှစ် (ဘ) ဦးစံသောင်းတို့ကို အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ သုံးဦးတို့၏ထွက်ဆိုချက်များအရ တရားခံ **ထက်အောင်ခိုင်**၊ **ကျော်ဇင်ဟိန်း(ခ)ကျော်ကြီး**နှင့် တရားခံ **ဝေကြီး**(ဖမ်းဆီးရန်ကျန်)တို့ သုံးဦးသည် KNU တပ်မဟာ(၇) ဝေ့ရှမ်းကျေးရွာတွင် ဖွင့်လှစ်သော PDF အကြမ်းဖက်သင်တန်း အပတ်စဉ်(၅/၂၀၂၄) သင်တန်းဆင်းများဖြစ်ကြပြီး အဆိုပါသင်တန်းတက်ရောက်နေစဉ် **ထက်အောင်ခိုင်**သည် သင်တန်း၌ ငွေလွှဲလုပ်ငန်းလုပ်ကိုင်သူ ဦးမာမူ(စိစစ်ဆဲ) ထံမှ ဒသမ ၃၂ ဗို့ခြောက်လုံးပြူးနှင့် ကျည်များကို ငွေကျပ် ၂၀ သိန်းဖြင့် ဝယ်ယူခဲ့ပြီး **"မြရွှေယုံ"**ရွှေဆိုင်သို့(၃/၄)ကြိမ်ခန့်လှေ့လာကာ ဆိုင်ဖွင့်ချိန်နှင့် ဆိုင်သိမ်းချိန်များတွင် ယာဉ်မောင်းတစ်ဦးတည်း ဆိုင်မှရွှေထည်ပစ္စည်းများအား သယ်ယူပို့ဆောင်လေ့ရှိကြောင်း သိရှိရသဖြင့် လုယက်မှုကျူးလွန်ရန် ကြိုတင်ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း။

လုယက်မှုကျူးလွန်ရာတွင် တရားခံ **ထက်အောင်ခိုင်**က Toyota Corolla အဖြူရောင်ယာဉ်ကိုမောင်းနှင်၍ အခင်းဖြစ်ခြံရှေ့တွင်ရွှေထည်ပစ္စည်းများသယ်ဆောင်လာသည့်ယာဉ်ကို နောက်မှကပ်လျက်ရပ်တန့်ကာ ယာဉ်မောင်းဖြစ်သူကို သေနတ်ဖြင့် ချိန်၍တံခါးဖွင့်ခိုင်းခြင်း၊ တရားခံ **ဝေကြီး**(ဖမ်းဆီးရန်ကျန်)က ကားတံခါးကို တူဖြင့်ထုခြင်း၊ တရားခံ **ထက်အောင်ခိုင်**က ခြံ၏ အရပ်သားလုံခြုံရေးဝန်ထမ်းဖြစ်သူအား သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ခြံဝင်းသံပန်းတံခါးကိုထိမှန်ခဲ့ပြီး **ကျော်ဇင်ဟိန်း (ခ)ကျော်ကြီး**နှင့်**စောပိုင်ဇော်ဦး(ခ)ပိုင်ကြီး**တို့ နှစ်ဦးက မော်တော်ယာဉ်၏ နောက်ဖုံးတံခါးအားဖွင့်၍ရွှေထည်ပစ္စည်းများထည့်ထားသည့်သံသေတ္တာ သုံးလုံးကို ၎င်းတို့စီးနင်းလာသည့်ကားပေါ်သို့ တင်ဆောင်ကာ မောင်းနှင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ရွှေထည်ပစ္စည်းနှင့်ငွေများ လုယက်မှုမှ ဖမ်းဆီးရမိသည့် တရားခံ **ထက်အောင်ခိုင်**၊ **ကျော်ဇင်ဟိန်း(ခ) ကျော်ကြီး**၊ **စောပိုင်ဇော်ဦး(ခ)ပိုင်ကြီး** နှင့် ထွက်ပြေးတိမ်းရှောင်တရားခံ **ဝေကြီး** (စိစစ်ဆဲ)ကို ဥပဒေနှင့်အညီထိရောက်သော ပြစ်ဒဏ်ရရှိရေးဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော တရားခံ **ဝေကြီး** အား အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ငွေကျပ် ၂၅၄၀၂ သိန်းကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်း အလေးချိန် ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ ကို သေနတ်ပြ ခြိမ်းခြောက်ရိုက်နှက်၍ လုယက်သူ တရားခံ အမျိုးသားသုံးဦးကို သက်သေခံ ရွှေထည်ပစ္စည်း၊ ငွေများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ခဲယမ်းနှင့် လုယက်မှုကျူးလွန်ရာမှရရှိသည့် သက်သေခံရွှေထည်ပစ္စည်းနှင့်ငွေများအား သိမ်းဆည်းရရှိမှုမှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှု ထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Dr Nay Soe Maung"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဒေါက်တာနေစိုးမောင်အား ည ၆ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့မ ရဲစခန်း၌တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကိုဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

| မှတ်သားဖွယ်ရာမိုးရေချိန်များ ၂၄-၁၀-၂၀၂၄ | | | | | | | |
|---|---|---|---|---|---|---|---|
| မန္တလေး | ၄ ဒသမ ၆၁ လက်မ | မော်လိုက် | ၂ ဒသမ ၂၈ လက်မ | မြင်းမူ | ၁ ဒသမ ၉၇ လက်မ | မင်းကင်း | ၁ ဒသမ ၆၉ လက်မ |
| ကလေးဝ | ၃ ဒသမ ၀၇ လက်မ | စစ်ကိုင်း | ၂ ဒသမ ၂၈ လက်မ | ညောင်ဦး | ၁ ဒသမ ၉၇ လက်မ | မတ္တရာ | ၁ ဒသမ ၆၉ လက်မ |
| ဝမ်းတွင်း | ၂ ဒသမ ၃၁ လက်မ | ထီးလင်း | ၂ ဒသမ ၁၁ လက်မ | အရာတော် | ၁ ဒသမ ၉၃ လက်မ | ကျောက်ဖြူ | ၁ ဒသမ ၆၅ လက်မ |

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြီးမှ ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



**အဆို**

မဟာဂီတအခြေခံပညာ (၁၅-၂၀) (အမျိုးသမီး)အဆင့်တွင် မန္တလေးတိုင်းဒေသကြီးမှ ပထမဆုရ မမိုးမြင့်စံ "ဆီးနှင်းပြိုက်ကျ" (ကြိုး)သီချင်းဖြင့်ပါဝင်ယှဉ်ပြိုင်စဉ်။



**ဆိုင်းအဖွဲ့လိုက်အတီး**

ဝါသနာရှင်ပထမတန်းအဆင့် (အမျိုးသား)ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးအောင်ဆန်းမျိုး(ခ)အောင်ကျော်မျိုးနှင့်အဖွဲ့ ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် မြူးမြူးကြွကြွပါဝင်ယှဉ်ပြိုင်နေစဉ်။



**အက**

ဝါသနာရှင် ပထမတန်း အဆင့် (အမျိုးသား) အကပြိုင်ပွဲတွင် ပူးတွဲပထမဆုရ တနင်္သာရီတိုင်း ဒေသကြီးမှ ဦးအောင်ဇော်ထွေး(ခ)ဦးမိုးထက်အောင် စည်းဝါးနရီ ပိုင်ပိုင်နိုင်နိုင် ကပြယှဉ်ပြိုင်နေစဉ်။



**ဇာတ်တော်ကြီး**

မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်တွင် ပထမဆုရ မွန်ပြည်နယ်မှ မင်းနိုင်စိုးဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်တင်ဆက်နေစဉ်။




**ဒိုးပတ်**

ဝါသနာရှင်ပထမတန်းအဆင့် (အမျိုးသား)ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးပြည့်ဖြိုးမော်နှင့်အဖွဲ့ ပါဝင်ယှဉ်ပြိုင်နေစဉ်။



**ရုပ်စုံ**

ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်ပထမတန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ တော်ဝင်ရုပ်စုံသဘင် စင်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်တင်ဆက်နေစဉ်။



**အက**

ဝါသနာရှင် ပထမတန်း အဆင့် (အမျိုးသမီး) အကပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ ဒေါ်ကြူကြူဝင်း (ခ)အေးချမ်းငြိမ်း စည်းဝါးနရီ ပိုင်ပိုင်နိုင်နိုင် ကပြယှဉ်ပြိုင်နေစဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ
# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



**အဆို**

မဟာဂီတ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)တွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ဇေကရီဖိုလ်ဖိုလ် "စိန်မြရံခြယ်"(မွန်)သီချင်းဖြင့်ပါဝင်ယှဉ်ပြိုင်စဉ်။



**ဇာတ်တော်ကြီး**

မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်၌ ပူးတွဲပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ရွှေရန်ကုန်တိုင်းဇာတ်အလှသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။



**အက**

ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား) အကပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ထာဝရမျိုးလေး(ခ) မျိုးမင်းထွန်း ကပြယှဉ်ပြိုင်စဉ်။



**ရုပ်သေးကြိုးဆွဲ**

ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား) ရုပ်သေးကြိုးဆွဲပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်စွမ်းမင်းထက် ယှဉ်ပြိုင်စဉ်။




**ကွက်စိပ်**

ဝါသနာရှင် ပထမတန်းအဆင့် ကွက်စိပ်ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမျိုးသက်(ခ) ဘိသိက်ဇော်လင်း "မဟာသုတသောမဇာတ်တော်"ဖြင့် ဟောပြောယှဉ်ပြိုင်စဉ်။






**အတီး**

ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးချမ်းသာ "ထောင်ရောင်နေ" (သီချင်းခံ) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

**အရေး**

ဝါသနာရှင် ပထမတန်းအဆင့် အရေးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးသီဟ "မြန်မာ့ရိုးရာ အမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။



ဝတ္ထုတိုကဏ္ဍ

# ဘားပလပ်ဖို့ဒ်နှင့် ဘီတွဲ

## ထွန်းလှိုင်(မြိုင်)

ဆရာမောင်တင်ထွေးအလုပ်က တစ်ရွာဝင် တစ်ရွာထွက် နေဝင်မိုးချုပ် ကျွဲ၊ နွား တိရစ္ဆာန်များကို ကူးစက်ရောဂါကာကွယ်ဆေးထိုးရ၏။ နေမကောင်းသော တိရစ္ဆာန်များကို ဆေးကုပေးရ၏။ တစ်လလျှင် ရက် ၂၀ ခရီးထွက်ရမည်ဟု အထက်အရာရှိမင်းများက အမိန့်ထုတ်ထားသည်။ ရက် ၂၀ ခရီးမထွက်လျှင် အင်စပက်တော်မင်းက တဂျီဂျီ။ ဒီတော့ ရွာစဉ်လှည့်ပြီး လေးငါးရက်တစ်ကြိမ် ထွက်ရ၏။ ဆရာမောင်တင်ထွေးတို့ လူပျိုလူလွတ်အဖို့ ထမင်းအိုး၊ ဟင်းအိုး ပျောက်၏။ အဆင်ပြေ၏။ ဆရာအိုကြီးတို့ကတော့ အိမ်ကမခွာချင်၍ အဆင်မပြေ။ ညအိပ်ည၌နေသွားရ၍ သူကြီးမင်းအိမ်မှာတည်းရ၏။ သူကြီးမင်းနှင့် ကြည်ဖြူသော်လည်း သူကြီးကတော် သဒ္ဓါကြည်ဖြူလျှင်တော့ အမဲသားဟင်းသေချာပြီ။ ဟင်းတွဲရက်မကြုံလျှင် ကြက်သားဟင်းတော့သေချာပြီ။ တစ်ခါတစ်ရံ ထမင်းချိန်လွန်မှ ရောက်လာလို့ကတော့ ဟိုဘက်ရွာက စားလာပြီဆိုပြီး ထမင်းစားခဲ့ပြီးပြီလား မေးဖို့နေနေသာသာ ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကလေးတောင် အနိုင်နိုင်ကြုံခဲ့ရ။

ဒီအတွေ့အကြုံတွေ ခံရပေါင်းများတော့ ဆရာမောင်တင်ထွေးက နောကျေနေပြီ။ ခရီးစထွက်ပြီဆိုလျှင် သူကြီး၊ သူကြီးကတော်နှင့် သူကြီးယောက္ခမအတွက် အားဆေး၊ သူကြီးမြေးအတွက် သကြားလုံးအမြဲဆောင်ထား၏။ တစ်ခါတလေ လေပုပ်ထုတ်ဆေးနှင့် သူငယ်နာပေါင်းချုပ်ဆေးတောင် ပါလိုက်သေးသည်။ တစ်ခါတစ်ရံကျတော့ မြို့ပိုင်ကြီး၊ တိုက်ပိုင်၊ မြို့ပိုင်ကလေး၊ ဌာနအုပ်တို့လို ပုဂ္ဂိုလ်တွေနှင့်လိုက်ရလို့ကတော့ ဆရာမောင်တင်ထွေးဘာပစ္စည်းမှ ဆောင်စရာမလို။ ကြက်သားဟင်းကအကြော်တစ်မျိုး၊ အချက်တစ်ဖုံ၊ ငါးကြော်ကအမျိုးမျိုး၊ ဝက်သားဟင်းက အချိုချက်၊ ကြက်ဥကမကျက်တကျက်၊ သောက်စရာပုလင်းမျိုးစုံ စားရသောက်ရသည်။ အိုး ဆရာမောင်တင်ထွေးတို့ ကျွဲ၊ နွားတွေကို အခမဲ့ကာကွယ်ဆေးထိုးပေးသူနဲ့တော့ ကွာချင်တိုင်းကွာနေသည်။

ဒီအပတ်ခရီးစဉ်မှာလည်း ပုပ္ပကန်ကျေးရွာကို ကာကွယ်ဆေးထိုးရန် နေဝင်ဖျိုးဖျတွင် ရောက်သွားသည်။

"ဆရာထွေး မိုးချုပ်လှချည်လား။ ဘယ်ရွာက ကူးလာတာတုံး"

ခရီးရောက်မဆိုက် သူကြီးမင်းက နေရာထိုင်ခင်းပေးရင်း နှုတ်ဆက်လာသည်။

"တပ်ကန်ရွာက ကူးလာခဲ့တာပါ သူကြီးရယ်။ နွားမအုပ်သွင်းတာနောက်ကျနေလို့ ကာကွယ်ဆေးစောင့်ထိုးနေရလို့ပါ။ သူကြီးကတော်လဲမမြင်ပါလား။ ဘယ်သွားနေလို့တုံး”

ဆရာမောင်တင်ထွေး လောကွတ်ကျေလိုက်သည်။

"အမေသိပ်နေမကောင်းလို့ ဆရာ၊ ထမင်းစားပျက်ပြီး အထိုင်အထမူးနေလို့တဲ့ တုံးလုံးလဲနေတယ်"

သူကြီးသမီးက ရေနွေးလာချရင်း ဖြေလိုက်တော့ သူကြီးမင်းက အားမရှိသော လေသံနှင့်-

"ဆေးခန်းကလဲ ငွေးပင်ကားလမ်းထိ သွားရမှာ လေးငါးခြောက်မိုင်လောက်ဝေးတယ်။ နွားတွေကလဲ ထွန်ယက်နေတဲ့အချိန်ဆိုတော့ ဆေးမြီးတိုနဲ့ပဲ ကုနေတာ"

ထိုအခါ ဆရာမောင်တင်ထွေးက-

"မှန်း ကျွန်တော်ကြည့်လိုက်ပါအုံးမယ်"

သူကြီးနှင့် သူကြီးကတော်ကို မျက်နှာလိုမျက်နှာရ ပြောလိုက်သည်။

"ဟာ အားနည်းနေတာပါ။ အားဆေးထိုးရင် ကောင်းသွားမှာပါ"လို့ ခပ်ကြွားကြွားလေး ဆက်ပြောလိုက်၏။

ထိုအခါ သူကြီးမင်းက မှိုရတဲ့မျက်နှာနှင့်-

"လုပ်ပါအုံး ဆရာထွေးရယ် အားဆေးလေး ပါရင် ထိုးပေးပါအုံး။ ဒါဆို ဆေးခန်းသွားစရာ မလိုတော့ဘူးပေါ့"

"အေးဗျာ သူကြီးမင်းကလဲဖြစ်၊ စားရေအိမ်၊ သောက်ရေအိမ်ကလဲဖြစ်ဆိုတော့ လုပ်ပေးရမှာပေါ့ဗျာ။ သူများဆိုရင်တော့ ဘယ်လုပ်ပေးမတုံး"

ခပ်မြှောက်မြှောက်လေး ပြောလိုက်သည်။ သည်လိုပြောပြီး ဆရာမောင်တင်ထွေးလုပ်ခဲ့တာ မနည်းဘူးလေ။ သူကြီးမင်း၊ သူကြီးကတော်နှင့်သူကြီးသမီးတို့ ဆရာမောင်တင်ထွေးစကားကိုကြားတော့ ဝမ်းသာသွားကြ၏။

"ကိုင်း ဒါဆို ထမင်းစားပြီးမှ ဆေးထိုးကြတာပေါ့ ဆရာရယ်။ ကျွန်တော်တို့သားအဖ ထမင်းစားဖို့ စီစဉ်လိုက်အုံးမယ်"

သူကြီးက ပြောလည်းပြော ရွာဆော်ငပြူးကို လှမ်းခေါ်လိုက်သည်။ ဆရာမောင်တင်ထွေးအဖို့ ပုပ္ပကန်ရွာမှာ ပြည်သူ့အကျိုးပြုလုပ်ရင်းနှင့် စားရေး သောက်ရေးအဆင်ပြေသွားပြီ။ မီးဖိုဆောင်ထဲမှ အငွေ့တထောင်းထောင်းနှင့် မဆလာနံ့သင်းသည့် ကြက်သားဟင်းနံ့က ဆရာမောင်တင်ထွေး နှာခေါင်းကို ကလိနေ၏။ သူကြီးမင်းနှင့်အတူ ထမင်းစားရင်း-

"အင်း တယ်လဲ တန်ခိုးကြီးလှတဲ့အားဆေးပဲ"ဟု တွေးမိ၏။ သူကြီးကတော်ကို ဆေးထိုးပေးရန် ရေနွေးဇလုံတောင်းလိုက်ပြီး ဆေးထိုးအပ်များ၊ ဆေးထိုးပိုက်များကို အသင့်ပြင်ထားလိုက်၏။

ဆရာမောင်တင်ထွေးတို့အလုပ်ဝင်စ တိရစ္ဆာန်တွေဆေးကုတဲ့အခါဘီပီအိုင်ထုတ်လူကုသောဆေးဝါးများဖြင့်ကုရ၏။ တိရစ္ဆာန်အတွက် သီးခြားလာသောဆေးမှာ အလွန်နည်းပါးသေးသည်။ အချို့က ပြောကြသေး သည်။ "လူနဲ့ တိရစ္ဆာန် ဘာဆိုင်တာမှတ်လို့"တဲ့။ လူကလည်းအသက်နှင့် တိရစ္ဆာန်ကလည်းအသက်နှင့် ဆေးထိုးရတဲ့အချိန်အဆပဲ ကွာတယ်။ စကားမပြောတတ်တဲ့တိရစ္ဆာန်တွေတောင် သွင်ပြင်လက္ခဏာကြည့် ကုရတာ။ စကားပြောတတ်တဲ့လူဆိုရင်တော့ပိုလွယ်တာပေါ့။ ကျင့်ဝတ်တွေ၊ သိက္ခာတွေ၊ ဥပဒေတွေ စည်းခြားထားလို့ပါ။ ဆရာမောင်တင်ထွေး ကိုယ့်ဘက်ကိုယ်ယက်၍ ပြောလေ့ရှိ၏။ ဆေးပညာရပ်သဘောတရားအယူအဆ ဆေးဝါးကုသမှုပိုင်းဆိုင်ရာမှ ကွဲပြားနက်ရှိုင်းသည့် ကျွမ်းကျင်တတ်မြောက်နိုင်သည့် ဆိုထုံးလည်းရှိပါသည်။

ဆရာမောင်တင်ထွေး အသင့်ပြင်ထားသော ဘားပလပ်ဖို့ဒ်နှင့် ဘီတွဲကိုစပ်ပြီး သူကြီးကတော်ကို ဆေးထိုးလိုက်ရာ "အမယ်လေး"ဟု သူကြီးကတော်အော်တော့ သမီးဖြစ်သူက ဆေးထိုးသည့်နေရာကို ခြေပေးနေ၏။

"ဘားပလပ်က နည်းနည်းနာတယ် သူကြီးကတော်ရဲ့"ဟုပြောပြီး စားဖို့အားဆေးတွေပေးလိုက်၏။ မပြန်ခင် တစ်ခါထပ်ထိုးပေးမည်ဟုလည်း စေတနာပိုလိုက်၏။

ဆေးထိုးပြီး နာရီဝက်လောက်မှာတော့ သူကြီးကတော် လက်တွေအငြိမ်မနေ၊ မျက်နှာရောက်လိုက်၊ နားရွက်ရောက်လိုက်၊ နောက်ကျောရောက်လိုက်၊ ရင်ဘတ်ရောက်လိုက်နှင့် ကုတ်နေတာတွေ့ရ၏။

"သူကြီးကတော် ဘယ်လိုဖြစ်တာလဲ"

ဆရာမောင်တင်ထွေး မေးတော့-

"ဆရာရယ် ဟိုနားနည်းနည်း၊ ဒီနားနည်းနည်း ယားနေလို့ပါ"ဟု ပြန်ဖြေရှာသည်။

ဆရာမောင်တင်ထွေး အဖြေသိလိုက်ပြီ။ ဘားပလပ်ဆေးက တချို့တလေမတည့်တတ်။ ယားယံတတ်သည်။ ဆေးထိုးမှားလျှင် "ဖြေဆေးအဖြစ် အဒီနလင်ကာဒမိုက်"တို့ ဆောင်ထား၏။ ဆေးနှင့်မတည့်သော်လည်း အသက်ရှူကျပ်ခြင်း၊ မောခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မူးဝေခြင်း စသည့်လက္ခဏာများ မပြသဖြင့် စိတ်သက်သာရမိသည်။ သို့သော် ယားယံနေဦးမှာပဲ။ အသက်အန္တရာယ်တော့ ဒုက္ခမပေးနိုင်ပါ။ သူကြီးမင်းက စိတ်ပူပူဟန်တူသည်။

"ဆရာရေ ခွေးလှေးယားသီးတို့မိလို့ယားရင် ဆီးဖြူသီးကျွေးရတယ်"ဟု ပြောတော့ ဆရာမောင်တင်ထွေးက-

"ဆီးဖြူသီးက အချဉ်ဓာတ်ပဲ ကောင်းတာပေါ့။ ဆေးနဲ့သွေး ဓာတ်ခံချင်းမတူလို့ နည်းနည်းယားတာပါ။ ကိစ္စမရှိပါဘူး။ ဖြေဆေးထိုးရင် ပျောက်မှာပါ"ဟုပြောပြီး သူကြီးကတော်ကို ဖြေဆေးထိုးပေးလိုက်၏။ ကွမ်းတစ်ယာညက်လောက်တော့ ယားမှာပါ။

သမီးက အမေ၏ ကွက်ကျားယားသည့်နေရာကို ကူ၍ကုတ်ပေးနေ၏။ ဖြေဆေးတန်ခိုးက စွမ်းပါသည်။ တစ်အောင့်အကြာ ယားယံခြင်းမှာ ပျောက်ကင်း၍ သူကြီးကတော် နေသာထိုင်သာ ရှိသွားသည်။

"အားနာလိုက်တာ ဆရာရယ်၊ ဒီလိုဖြစ်မယ်မထင်လို့ ဆရာထွေးကို ကျွန်တော်ဆေးထိုးခိုင်းတာပါ"

သူကြီးမင်းက ပူပန်စိတ်နှင့် ပြောလိုက်၏။

> ❖ဆရာမောင်တင်ထွေး အဖြေသိလိုက်ပြီ။ ဘားပလပ်ဆေးက တချို့တလေ မတည့်တတ်။ ယားယံတတ်သည်။ ဆေးထိုးမှားလျှင် "ဖြေဆေးအဖြစ် အဒီနလင်ကာဒမိုက်"တို့ ဆောင်ထား၏။ ဆေးနှင့် မတည့်သော်လည်း အသက်ရှူကျပ်ခြင်း၊ မောခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မူးဝေခြင်း စသည့်လက္ခဏာများမပြသဖြင့် စိတ်သက်သာရမိသည်။ သို့သော် ယားယံနေဦးမှာပဲ။ အသက်အန္တရာယ်တော့ ဒုက္ခမပေးနိုင်ပါ။ သူကြီးမင်းက စိတ်ပူပူဟန်တူသည်။ ❖

"ဘယ်ဟုတ်မလဲ သူကြီးရယ်၊ ဒါမျိုးက ဖြစ်တတ်ပါတယ်"ဆိုပြီး ဖြေသိမ့်လိုက်၏။

ဆရာမောင်တင်ထွေးလည်း မဆလာနံ့သင်းတဲ့ ကြက်သားဟင်းနဲ့ ထမင်းစားထားတဲ့အရသာလည်း ဘယ်ဆီရောက်သွားသည်မသိ။ နောင်များဆို သူကြီးမင်းနှင့် သူကြီးကတော် မသဒ္ဓါလို့ ကြက်သားဟင်းမစားရလည်းနေပါစေတော့။ "ဘားပလပ်ဖို့ဒ်" နှင့် "ဘီတွဲ"အားဆေးထိုးပေးဖို့ကတော့ လက်တွန့်သွားချေပြီ။ "မိမိတာဝန်ယူရမည့် တိရစ္ဆာန်ဆေးကုအပိုင်းကိုသာ ကုသရန်"ဟူသော ပဋ္ဋိညာဉ်ကို လေးစားလိုက်နာပါတော့မည်။

# ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၉၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၉၇၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၀၀၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၃၉၇၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ စပါးဧက ၁၀၀၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၃၉၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးလျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ အရည်အသွေးကောင်း မျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ထံမှ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရွှေသွယ်ရင်စပါး တင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ရွှေသွယ်ရင်စပါး တင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းမြတ်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ရွှေသွယ်ရင်စပါး တင်းရေ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ရွှေသွယ်ရင်စပါး တင်းရေ ၇၂၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"စက်တင်ဘာလအတွင်းက ရွှေသွယ်ရင်စပါး တင်းရေ ၇၂၀၀၀ ထိ မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ရွှေသွယ်ရင်စပါးအမျိုးအစားက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုအားကောင်းနေလို့တင်ပို့မှုအားကောင်းခဲ့တာဖြစ်ပါတယ်။ ရွှေသွယ်ရင် စပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းမြတ်က ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက တင်ပို့ရောင်းချခဲ့သည့် ရွှေသွယ်ရင် စပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# လင်းခေးမြို့နယ် နမ့်အွန်ကျေးရွာ၌ ဆင့်မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လင်းခေး အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ နမ့်အွန်ကျေးရွာ၌ ဆင့်မအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၃၅ သန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်အွန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မင်းမြင့်မိုရ်

## မေတ္တာဖြင့်သာ နေထိုင်ပါ

\- လူတိုင်းအပေါ် ချစ်သဒ္ဒါထား
မေတ္တာပွား နေထိုင်ပါ၊
အန္တရာယ် ဘေးမခလို့
အေးမြချမ်းသာ၊
အမုန်းတရား ရှောင်ဖယ်ခွာ
လူတို့ရွာ တွေ့ဆုံခိုက်၊
နှလုံးသားလေးကို ထာဝရ
လှအောင်နေလိုက်။

\- မေတ္တာကို ထွေးပွေ့ပိုက်လို့
စိတ်မိုက်တို့ ရှောင်ဖယ်ကြဉ်၊
လူနှင့်လူ လူသားချင်းကို
ရိုင်းပင်းချစ်ခင်၊
ရခဲသော လူ့ဘဝတွင်
ကောင်းမှုယှဉ် ခရီးဆက်၊
မကောင်းမှုတွေ ဘယ်မပွားနဲ့
ပယ်ရှားရှောင်လျက်။

\- မေတ္တာကို ရင်မှာဖက်လို့
အကြင်နာလက် ပေးကမ်းလေ၊
မေတ္တာဖြင့်သာ နေထိုင်သွား
ရိုးသားဂုဏ်ဝေ၊
သည်းခံခြင်း မင်္ဂလာတွေ
ရင်မှာမသွေ စိုက်ထူရင်း၊
ဤလူ့ရွာ အလှတရားကို
တိုးပွားစေမင်း။ ။

ရဲသွေးနီ(တက်ဝန်)

# ဘားအံမြို့နယ် နောင်လုံ(ရှမ်းစု)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းစစ်ဆေး

**ဘားအံ အောက်တိုဘာ ၂၄**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် အိန္ဒြကျေးရွာအုပ်စု နောင်လုံ(ရှမ်းစု)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နောင်လုံ(ရှမ်းစု)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲအောင် အားလုံးဝိုင်းဝန်းစောင့်ရှောက်သွားကြရန် မှာကြားသည်။

နောင်လုံ(ရှမ်းစု)ကျေးရွာ၌ လမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၁၇၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အောက်တိုဘာ ၈ ရက်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးပြီးစီး



**ဝါးခယ်မ အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၃၂၁၆ ဧကကို ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါးဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါးများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာပေး လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

" ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ စပါး ဧက ၂၁၃၀၀၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ စပါးလျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး စိုက်ပျိုးဖို့အတွက် စပါး စတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် စပါးအထွက်နှုန်း ကောင်းမွန်စေဖို့အတွက် လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်ပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ စပါးအထွက်နှုန်းနဲ့ အရည်အသွေး ပြည့်မီစေဖို့ကို ဆောင်ရွက်ပေးထားပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် စပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးရာတွင် ဆင်းသုခ၊ သီးထပ်ရင် ၊ ရက် ၉၀၊ GW-11၊ GW-1 စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးနေကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသနှင့် ကိုက်ညီသည့်အတွက် အဓိကထား စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ယာကြီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယာကြီးတောကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၃ ရက် ညနေပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ယာကြီးတောကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ယာကြီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ယာကြီးတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၆ ဦးကို ငွေကျပ်သိန်း ၄၇၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ဖိလစ်ပိုင်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လူထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးထားရ



**မနီလာ အောက်တိုဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံတွင် အပူပိုင်းမုန်တိုင်း ထရာမိဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံခြင်းများဖြစ်ပေါ်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်တွင် လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း ပေးထားရကြောင်း သက်ဆိုင်ရာ အာဏာပိုင်များ၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့ သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ ၂၃ ရက်မှစ၍ အပူပိုင်းမုန်တိုင်း ထရာမီ ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံခြင်းများဖြစ်ပေါ်လျက်ရှိရာ လူထိခိုက်သေဆုံးမှုများလည်း ဖြစ်ပေါ်လျက်ရှိပြီး လူထောင်ပေါင်းများစွာကို သက်ဆိုင်ရာအာဏာပိုင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း၊ မုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ ချဉ်းကပ်လာစဉ် တစ်နာရီ လေတိုက်နှုန်း ၅၂ မိုင်နှုန်းဖြင့် တိုက်ခတ်လျက်ရှိသည်ဟု မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် မြို့တော်မနီလာအပါအဝင် နေရာအများအပြားတွင် ရေကြီးမှုများဖြစ်ပေါ်လျက်ရှိရာ စာသင်ကျောင်းများကိုခေတ္တပိတ်ထားရပြီး စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းထားရကာ မြို့တော်အတွင်း ကုန်တင်ကုန်ချလုပ်ငန်းများရှိအလုပ်သမားများနှင့် ခရီးသည်ထောင်ပေါင်းများစွာသည် ဆိပ်ကမ်းများတွင် သောင်တင်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# နိုင်ဂျီးရီးယားနိုင်ငံ အိုဂန်ပြည်နယ်တွင် ရေကြီးရေလျှံနေသော ဧရိယာတွင်နေထိုင်သူများ ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြား

**အဘူဂျာ အောက်တိုဘာ ၂၄**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်တောင်ဘက်ပိုင်း အိုဂန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့်အတွက် အိုဂန်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ရေကြီးရေလျှံမှုဖြစ်ပွားနေသောဧရိယာများတွင် နေထိုင်သော ဒေသခံများကို အောက်တိုဘာ ၂၃ ရက်မှစတင်၍ ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဘီအိုကူတာမြို့အနီးရှိ အိုယန်ရေလှောင်တမံမှ ရေဖောက်ချခဲ့ရပြီး မိုးရေချိန်မြင့်မားမှုအပြင် ရေလှောင်တမံမှ ရေဖောက်ချခဲ့သည့်အတွက် ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိသည့် အဆင့်သို့ရောက်ရှိခဲ့ကြောင်း၊ အိုဂန်ပြည်နယ် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဒေသများမှာ အိုင်ရှိရီဒေသ၊ ရေးဗားဗျူးအိစတိတ်ဒေသ၊ အိုရှိရမ်းအိစတိတ်ဒေသ၊အိုပစ်အိစတိတ်ဒေသ၊ အရီပိုဒေသ၊ မာဝယ်ဒေသ၊ အကူတီဒေသ၊ အလက်ဘိုရီဒေသ၊ အိုရီမီရမ်မူဒေသနှင့် မက်ရိုရိုဒေသတို့ဖြစ်ကြောင်း သိရသည်။

"မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက် အိုယန်မြစ်ရေလျှံတက်ခဲ့ပါတယ်။ အိုယန်ရေလှောင်တမံမှာလဲ ရေအဆင့်ကစိုးရိမ်မှတ်ကိုကျော်လာလို့ ရေဖောက်ချခဲ့ရတယ်။ ဒါကြောင့် ရေကြီးရေလျှံမှုအခြေအနေတွေက အန္တရာယ်ရှိတဲ့အဆင့် ရောက်နေတယ်။ နေရာတော်တော်များများမှာ ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားသလို ဒေသခံတွေကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားခဲ့တာဖြစ်ပါတယ်"ဟု နိုင်ဂျီးရီးယား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ ကော်မရှင်နာဖြစ်သူ အိုရီဆန်ညာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်တွင် တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန်နိုင်ငံကော်လိုရာဒိုပြည်နယ် မယ်ဒေါခရိခ်ကောင်တီအနီးတွင် အောက်တိုဘာ ၂၃ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး လူနေအိမ်ဖြင့်နီးကပ်ခဲ့သည့်အတွက် ကော်လိုရာဒိုပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားသည်ဟု ယနေ့ သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် တန်းမိုင်ကောင်တီနှင့်နီးကပ်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုမှာသဘာဝအလျောက် လောင်ကျွမ်းခဲ့ခြင်းမျိုးမဟုတ်ဘဲ မီးပေါ့ဆမှုကြောင့်ဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးစားနေသကဲ့သို့တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်စေခဲ့သော တရားခံကိုလည်း တာဝန်ရှိသူများကစုံစမ်းဖော်ထုတ်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှု အန္တရာယ်ကိုလည်း အဆင့်(၁)အဖြစ် သတ်မှတ်ထားပြီး လူနေအိမ်များဆီသို့ကူးစက်လာနိုင်သည့် တောမီးလောင်ကျွမ်းမှုကို ဦးစားပေးငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

"မယ်ဒေါခရိခ်ကောင်တီနဲ့ တန်းမိုင်ကောင်တီအနီးမှာ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ တောမီးဟာလူနေအိမ်တွေဆီကိုကူးစက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ တောမီးဟာ သဘာဝအလျောက်လောင်ကျွမ်းခဲ့တာမျိုးမဟုတ်ဘဲ မီးပေါ့ဆမှုကြောင့်ဖြစ်ပါတယ်။ တရားခံကိုလဲ စုံစမ်းဖော်ထုတ်နေပါတယ်" ဟု ကော်လိုရာဒိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူဒေးဗစ်ဘွိုင်းက ပြောကြားခဲ့ကြောင်း သိရသည်။

ကော်လိုရာဒိုပြည်နယ်တွင် ဇူလိုင်လကလည်း တောမီးပြင်းထန်စွာလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး သစ်တောမြေ ၁၅၄၈ ဧကထိ လောင်ကျွမ်းပျက်စီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်အောင် ကြိုးစားနေကြောင်း ကော်လိုရာဒိုပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat



# ကမ္ဘာကြီးပူနွေးလာမှုကြောင့် အာဖရိကနိုင်ငံများတွင် လူအသေအပျောက်များသော ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့

**အမ်စတာဒမ် အောက်တိုဘာ ၂၄**

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ယခုနှစ်တွင် အာဖရိကနိုင်ငံအများအပြား၌ လူအသေအပျောက်များသော ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်းကမ္ဘာ့မိုးလေဝသတွက်ချက်မှုအဖွဲ့က အောက်တိုဘာ ၂၃ တွင် ထုတ်ပြန် ချက်များကို ကိုးကား၍ ယနေ့ သတင်းများအရ သိရသည်။

ရုပ်ကြွင်းလောင်စာများအသုံးပြုခြင်းကြောင့်ဖြစ်ပေါ်လာသော ကမ္ဘာကြီးပူနွေးလာမှုက အာဖရိကဒေသရှိ နိုင်ဂျာနိုင်ငံမြစ်ဝှမ်းတစ်လျှောက်တွင် ယခင်နှစ်မိုးရာသီမိုးရွာသွန်းမှုထက် ငါးရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၂၀ ထိ ပိုမိုရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးအခြေအနေများကိုဖြစ်ပေါ်စေခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသ တွက်ချက်မှုအဖွဲ့မှ သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

"ကမ္ဘာကြီးပူနွေးမှုက မယုံနိုင်လောက်တဲ့ ရာသီဥတုပြောင်းလဲမှုတွေကို ဖြစ်ပေါ်စေပါတယ်။ ဆူဒန်၊ နိုင်ဂျီးရီးယား၊ နိုင်ဂျာ၊ ကင်မရွန်းနိုင်ငံတွေမှာ နွေရာသီကာလမှာလဲ မိုးရွာသွန်းမှုတွေဖြစ်ပေါ်ခဲ့ပြီး ရေကြီးမှုအန္တရာယ်က ဆက်တိုက် တိုးလာပါတယ်"ဟု တော်ဝင်နယ်သာလန် မိုးလေဝသဌာနမှသိပ္ပံပညာရှင် အိုက်ဇက်ဒင်းပင်တိုက ပြောကြားခဲ့ကြောင်း သိရသည်။

လာမည့်လတွင် အဇာဘိုင်ဂျန်နိုင်ငံတွင်ကျင်းပမည့် ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး (COP 29) တွင် ရုပ်ကြွင်းလောင်စာအသွင်ကူးပြောင်းရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်ကြရန် အိုက်ဇက်ဒင်းပင်တိုက ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း အာဖရိကဒေသတွင် ရေကြီးမှုကြောင့် လူဦးရေ ၁၅၀၀ ခန့် သေဆုံးခဲ့ပြီး လူပေါင်း တစ်သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံနှင့် ဆူဒန်နိုင်ငံတို့တွင်လည်း ရေကာတာများရေလျှံမှုဖြစ်ပွားခဲ့ရကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံးမှ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Ref : Sputnik News

Trs : AZH

# ကျူးဘားနိုင်ငံတွင် မုန်တိုင်းဒဏ်သင့်ဒေသများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

**ဟာဗားနား အောက်တိုဘာ ၂၄**

ကျူးဘားနိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်က အော်စကာ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၄၀၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကာ မုန်တိုင်းအခြေအနေ တည်ငြိမ်ခဲ့ပြီဖြစ်သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောက်တိုဘာ ၂၃ ရက်မှ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ကျူးဘားအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း စာသင်ကျောင်းများနှင့် အစိုးရရုံးတချို့ကို ယာယီပိတ်ထားမည်ဖြစ်ကြောင်း၊ ယာယီပိတ်ထားမည့် အစိုးရရုံးတချို့မှာ ပြည်သူများအတွက် မဖြစ်မနေလည်ပတ်ပေးရန် လိုအပ်သည့်ရုံးဌာနမဟုတ်ကြောင်း ကျူးဘားအစိုးရက ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ ရက်သတ္တပတ်က ဟာရီကိန်းမုန်တိုင်းကြောင့် လူအယောက် ၄၀၀၀ ကျော်လောက် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး လူအယောက် ၅၀၀ ကျော်လောက်ကိုတော့ အရေးပေါ် အခြေအနေနဲ့ ကယ်ထုတ်ပေးခဲ့ရပါတယ်။ လူနေအိမ်တွေနဲ့ အခြေခံအဆောက်အအုံတချို့လဲ ပျက်စီးခဲ့ရတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုတော့ စတင်ဆောင်ရွက်နေပါပြီ။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေစဉ်ကာလအတွင်း စာသင်ကျောင်းနဲ့ အစိုးရရုံးတွေကိုယာယီပိတ်ထားမှာဖြစ်ပါတယ်"ဟု ကျူးဘားအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အိမ်ကွင်းအားသာချက်နဲ့ ကစားပုံထက်မြက်တဲ့ အေဗီလာအသင်း၊ ရိမ်းအသင်း၊ရီးရဲလ်မက်ဒရစ်အသင်းတို့ကို အားပေးရမှာပါ

M L




စနေနေ့ညကစားမဲ့ အမှတ်ပေးပွဲစဉ်တွေမှာ ခြေရည်တူအသင်းနဲ့ အသင်းကြီးထိပ်တိုက်တွေ့ဆုံဖို့ရှိနေလို့ ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ ကြားရက်မှာတော့ ဥရောပပြိုင်ပွဲတွေရှိတာကြောင့် အဲဒီပြိုင်ပွဲကစားထားရတဲ့ အသင်းတွေဟာ ဒဏ်ရာရ၊ ပွဲပန်းမှုတွေရှိနေလို့ သတိထားချဉ်းကပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့စနေနေ့ညမှာ အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

## အေဗီလာအသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ် (၉)မှာ အကြိုက်တွေ့မိတာကတော့ အေဗီလာအသင်းနဲ့ ဘုန်းမောက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အေဗီလာအသင်းဟာ နည်းပြ အမ်မရီလက်ထက်မှာ ရလဒ်ကောင်းခဲ့တာကြောင့် နှစ်ပေါင်း ၄၀ ကျော်မှ ပထမဆုံးချန်ပီယံလိဂ်ဝင်ခွင့် ပြန်လည်ရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ ကွင်းလယ်က ဒေါက်ကလပ်လူးဝစ်၊ တိုက်စစ်က ဒီယာဘီတို့ကိုရောင်းချခဲ့ပေမဲ့ ကွင်းလယ်မှာ အိုနာနာ၊ တိုက်စစ်မှာဖီလိုဂျီနီ၊ ခံစစ်မှာ မာအက်ဆန်တို့ကို ပြန်လည်ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရာသီစတင်ချိန်မှာ ကစားအားကျဆင်းသွားခြင်းမရှိဘဲ ခံစစ်ပိုင်း ပိုကောင်းလာခဲ့ပြီး အမှတ်ပေးပွဲရှစ်ပွဲအပြီးမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ် ၁၇ မှတ်ရခဲ့လို့ အဆင့်(၄) ရောက်ရှိနေတာကို တွေ့ရမှာပါ။ နည်းပြ အမ်မရီကတော့ ၄-၂-၃-၁ ကစားကွက်နဲ့ပွဲထွက်နေပြီး တောင်ပံတိုက်စစ်မှာ ဂျက်ကော့ရမ်ဆေးနဲ့ ဘိုင်လီ၊ တိုက်စစ်မှာ ဝက်ကင်းနဲ့ ဒူရန်တို့ကိုအသုံးပြုနေသလို ကွင်းလယ်ခံစစ်က တိုင်လီမန်နဲ့ အိုနာနာတို့ကအသင်းရဲ့ ခံစစ်တိုက်စစ်ကို အကောင်းဆုံးပံ့ပိုးပေးနိုင်တာကြောင့် ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းနေပါတယ်။ တိုက်စစ်မှူး ဝက်ကင်းကတော့ အမှတ်ပေးပြိုင်ပွဲမှာ သွင်းဂိုးငါးဂိုးနဲ့ ဂိုးအများဆုံးသွင်းထားသလို တိုက်စစ်မှူး ဒူရန်ကလဲ အိမ်ကွင်းပွဲတွေမှာ ဂိုးမြူးနေတာကိုသတိပြုရမှာပါ။ ဒ့ါပြင် အေဗီလာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းငါးပွဲဆက်ရှုံးပွဲမရှိသေးတာကြောင့် ခံစစ်ပိုင်းအားနည်းတဲ့ ဘုန်းမောက်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။

ဘုန်းမောက်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာကြောင့် ယုံကြည်မှုအားကောင်းနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံထက်မြက်ခဲ့တာကြောင့် ရလဒ်ကောင်းခဲ့ပေမဲ့ အဝေးကွင်းမှာတော့ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်းငါးပွဲဆက်မှာဆိုလဲ အဲဗာတန်တစ်သင်းကိုသာအနိုင်ရခဲ့ပြီး ကျန်အသင်းတွေကို ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဘုန်းမောက်ဟာ အမှတ်ပေးပွဲရှစ်ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ ရမှတ် ၁၁ မှတ်ထိရခဲ့လို့ အဆင့်(၁၁) မှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ အေဗီလာအသင်းဟာ ဘုန်းမောက်နဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်မှာ တစ်ပွဲကို သွင်းဂိုး နှစ်ဂိုးအနည်းဆုံးသွင်းယူနိုင်ခဲ့ပြီး ရှုံးပွဲမရှိခဲ့သလို လက်ရှိတိုက်စစ်မှာလဲ အကောင်းဆုံးပုံစံရရှိနေတာကြောင့် အိမ်ရှင် အေဗီလာအသင်း ရလဒ်ကောင်းမှာပါ။

### အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | |
|---|---|---|---|
| အစ်ဗှစ် | ၂ | - ၂ | အေဗီလာ |
| အေဗီလာ | ၁ | - ၀ | ဘိုင်ယန်မြူးနစ် |
| အေဗီလာ | ၀ | - ၀ | မန်ယူ |
| ဖူလ်ဟမ် | ၁ | - ၃ | အေဗီလာ |
| အေဗီလာ | ၂ | - ၀ | ဘိုလော့နာ |

### ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | |
|---|---|---|---|
| ဘုန်းမောက် | ၀ | - ၁ | ချဲလ်ဆီး |
| လီဗာပူး | ၃ | - ၀ | ဘုန်းမောက် |
| ဘုန်းမောက် | ၃ | - ၁ | ဆောက်သမ်တန် |
| လက်စတာ | ၁ | - ၀ | ဘုန်းမောက် |
| ဘုန်းမောက် | ၂ | - ၀ | အာဆင်နယ် |

## ရိမ်းအသင်းကို ရွေးချယ်ရမှာပါ

ပြင်သစ်လီဂူးပွဲစဉ်(၉) မှာ အကြိုက်တွေ့မိတာကတော့ ရိမ်းအသင်းနဲ့ ဘရက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိမ်းအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ အော့ဇေးအသင်းကိုရှုံးခဲ့တာကြောင့် ရှစ်ပွဲကစားအပြီး လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ ရမှတ် ၁၄ မှတ်ရခဲ့လို့ အဆင့်(၆) မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြသစ်လက်ထက်မှာ အသင်းလိုက်ကစားပုံကောင်းလာသလို အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းက ဂိုးသွင်းအားပိုကောင်းလာတာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲဆက်မှာ ရင်းနက်ကို နှစ်ဂိုးတစ်ဂိုး၊ ပီအက်စ်ဂျီကို တစ်ဂိုးစီသရေနဲ့ မောင့်ပယ်လီယာကို လေးဂိုးနှစ်ဂိုးနဲ့ အနိုင်ရထားတဲ့ တိုက်စစ်ပိုင်းက အားရစရာကောင်းနေတာကြောင့် အခုပွဲမှာလဲ ဘရက်အသင်းကို ဖိအားပေးနိုင်မယ်လို့ ထင်ပါတယ်။

ဘရက်အသင်းဟာ ထိပ်တန်းအဆင့်ကစားသမားတွေမရှိပေမဲ့ အသင်းလိုက်ကစားပုံထက်မြက်ခဲ့တာကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အဆင့်(၃) နဲ့ပြီးဆုံးခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ အခုရာသီမှာလဲ အဓိကကစားသမားခေါ်ယူခဲ့ခြင်းမရှိပေမဲ့ အမှတ်ပေးပွဲရှစ်ပွဲအပြီးမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးနဲ့ အဆင့်(၁၁) ရောက်ရှိခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ နှစ်ပွဲကစားနှစ်ပွဲနိုင်နဲ့ အဆင့်(၆)မှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ ဘရက်အသင်းရဲ့ကစားပုံဟာ အပြစ်ပြောစရာမရှိပေမဲ့ ပွဲဆက်တွေများနေတာကြောင့် အရန်ကစားသမားစုဖွဲ့မှုအားနည်းတဲ့ သူတို့အသင်းအတွက် ပွဲပန်းမှုဒဏ်ရှိနေမှာသေချာပါတယ်။ ဒ့ါပြင် အမှတ်ပေးပွဲအဝေးကွင်းတွေမှာဆို အသင်းရဲ့ခံစစ်ကစားပုံက အမှားများနေတာကြောင့် သုံးပွဲမှာရှစ်ဂိုးထိ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ၄-၃-၃ ကစားကွက်မှာ အသင်းတိုက်စစ်ပိုင်းကို ကက်စတယ်လိုက ဦးဆောင်နေပြီး သုံးဂိုးထိသွင်းယူနိုင်ခဲ့ပေမဲ့ ခံစစ်ပိုင်းကရှစ်ပွဲမှာ ၁၄ ဂိုးထိပေးခဲ့ရသလို အဝေးကွင်းပွဲတွေမှာ ပေးဂိုးများခဲ့တာကြောင့် အိမ်ကွင်းတိုက်စစ်ကောင်းတဲ့ ရိမ်းအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်လို့ ရမှတ်ရှာဖွေရမဲ့ ရိမ်းအသင်းကို ရွေးချယ်ရမှာပါ။

### ရိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | |
|---|---|---|---|
| နန့်တက် | ၁ | - ၂ | ရိမ်း |
| ရိမ်း | ၁ | - ၁ | ပီအက်စ်ဂျီ |
| အန်ဂါ | ၁ | - ၂ | ရိမ်း |
| ရိမ်း | ၄ | - ၂ | မောင့်ပယ်လီယာ |
| အော့ဇေး | ၂ | - ၁ | ရိမ်း |

### ဘရက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | |
|---|---|---|---|
| အော့ဇေး | ၃ | - ၀ | ဘရက် |
| ဆဲလ်ဘတ် | ၀ | - ၄ | ဘရက် |
| ဘရက် | ၂ | - ၀ | လီဟာဗေး |
| ဘရက် | ၁ | - ၁ | ရင်းနက် |
| ဘရက် | ၁ | - ၁ | လေဗာကူဆင် |

## ရီးရဲလ်မက်ဒရစ်အသင်းနဲ့ လက်တွဲရမှာပါ

လာလီဂါပွဲစဉ်(၁၁) မှာအကြိုက်တွေ့မိတာကတော့ ရီးရဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ လာလီဂါသမိုင်းမှာ အစဉ်အလာရပြိုင်ဘက်ကောင်းတွေဖြစ်တာကြောင့် အခုပွဲဟာ အကြိတ်အနယ်ဖြစ်လာမှာသေချာပါတယ်။ လက်ရှိချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်းကလဲ ရမှတ် ၂၄ မှတ်နဲ့ အဆင့်(၂) မှာရောက်ရှိနေပြီး ဘာစီလိုနာနဲ့ ရမှတ်သုံးမှတ်ကွာဟနေတာကြောင့် ဒီပွဲကိုအနိုင်ရမှသာအမှတ်ပေးဇယားကွာခြားချက်ကို ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်းရဲ့ကစားပုံဟာ တိုက်စစ်မှာ အမ်ဘက်ပီ၊ ဗင်နီစီးယက်စ်၊ ရိုဒရီဂိုတို့နဲ့ ဂိုးသွင်းအားကောင်းနေပေမဲ့ ခံစစ်မှာတော့ ရူဒီဂါနဲ့ မီလီတာအိုတို့က မြန်နှုန်းမြင့်ကစားသမားတွေကို ထိန်းချုပ်ဖို့ခက်ခဲနေတာကြောင့် ပေးဂိုးများနေတာကို သတိပြုရမှာပါ။ ကြားရက်က ချန်ပီယံလိဂ်ပွဲစဉ်မှာ ပထမပိုင်းဂိုးပြတ်ရှုံးခဲ့ပေမဲ့ ဒုတိယပိုင်းမှာ တိုက်စစ်က အခွင့်အရေးရတာနဲ့ ဂိုးသွင်းနိုင်ခဲ့တာကြောင့် ငါးဂိုးပြန်သွင်းယူပြီး နိုင်ပွဲရှာနိုင်ခဲ့တာဖြစ်ပါတယ်။ အခုနှစ်မှာ ရီးရဲလ်မက်ဒရစ်ရဲ့ ခံစစ်ကစားပုံဟာ အားနည်းချက်တွေရှိနေသလို ကာဗာဂျယ်၊ အလာဘာတို့ ဒဏ်ရာရနေတာကလဲ အဓိကထိုးနှက်ချက်ဖြစ်နေတယ်လို့ဆိုရမှာပါ။ ဒါကြောင့် နည်းပြအန်ဆယ်လော့တီအနေနဲ့ ခံစစ်ပိုင်းအားနည်းချက်ကို ပြင်နိုင်မယ်ဆိုရင် နိုင်ပွဲရမှာသေချာပါတယ်။

ဘာစီလိုနာအသင်းဟာ နည်းပြသစ် ဖလစ်လက်ထက်မှာ လူငယ်ကစားသမားတွေပုံစံကောင်းပြသနိုင်ခဲ့လို့ အမှတ်ပေးပွဲ ၁၀ အပြီးမှာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ လူငယ်တိုက်စစ် မှူးယာမယ်၊ ရာဖင်ဟာနဲ့ လီဝင်ဒေါစကီးတို့ အတွဲမိခဲ့တာကြောင့် ပြိုင်ဘက်မရွေး ဂိုးသွင်းဖို့လွယ်ကူခဲ့ပြီး လီဝင်ဒေါစကီးက သွင်းဂိုး ၁၂ ဂိုးနဲ့ ဂိုးသွင်း အများဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။ အခုပြိုင်ပွဲမှာ ဘာစီလိုနာအသင်းဟာ အိုဆာဆူနာအသင်းကို လေးဂိုးနှစ်ဂိုးနဲ့ ရှုံးခဲ့တာကလွဲရင် ကျန်ပွဲတွေမှာဂိုးပြတ်နိုင်ပွဲရခဲ့ပြီး တိုက်စစ်က သွင်းဂိုး ၃၃ ဂိုးနဲ့ ဂိုးသွင်းအများဆုံးဖြစ်နေတာကို သတိပြုရမှာပါ။ ဘာစီလိုနာအသင်းဟာ အခုရာသီတိုက်စစ်မှာ လီဝင်ဒေါစကီး၊ ယာမယ်၊ ရာဖင်ဟာ၊ တိုရီတို့ အချိတ်အဆက်ကောင်းနေတာကြောင့် ရလဒ်ကောင်းတွေပိုင်ဆိုင်ထားပေမဲ့ ယာမယ်နဲ့ ရာဖင်ဟာတို့မပါနိုင်တဲ့ အိုဆာဆူနာနဲ့ပွဲမှာ ဂိုးပြတ်ရှုံးခဲ့တာကိုကြည့်ရင် နည်းပြ အန်ဆယ်လော့တီဟာ ရာမယ်နဲ့ ရာဖင်ဟာတို့ထိန်းချုပ်ဖို့ ကြိုးစားလာမှာသေချာပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ရီးရဲလ်မက်ဒရစ်က သုံးပွဲနိုင်၊ နှစ်ပွဲရှုံးခဲ့အပြီး ရီးရဲလ်မက်ဒရစ်က အသာရထားသလို လက်ရှိခြေစွမ်းပိုင်းနဲ့ အကျောပေးမှုအရ အိမ်ရှင်ရီးရဲလ်မက်ဒရစ်အသင်းနဲ့ လက်တွဲရမှာပါ။

### ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | |
|---|---|---|---|
| အေတီကို | ၁ | - ၁ | ရီးရဲလ်မက်ဒရစ် |
| လိုင်လီ | ၁ | - ၀ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၂ | - ၀ | ဗီလာရီးရဲလ် |
| ဆဲလ်တာဗီဂို | ၁ | - ၂ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၅ | - ၂ | ဒေါ့မွန် |

### ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | |
|---|---|---|---|
| ဘာစီလိုနာ | ၁ | - ၀ | ဂီတာဖေး |
| အိုဆာဆူနာ | ၄ | - ၂ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၅ | - ၀ | အက်ဘော့ |
| အလာဗက် | ၀ | - ၃ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၆ | - ၁ | ဆီဗီလာ |

# 5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်




၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်ပြီး ကံစမ်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက်ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည် ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ် နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ် အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်း ပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်။ **Jackpot** ဆု အတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ် ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်း တွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်း ဖြစ်ပါသည်။


# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၉၈၅ ဧက စိုက်ပျိုးပြီးစီး



**အင်းတော် အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၉၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၆၁ ဧက၊ ဖူးစားပြောင်း ဧက ၅၀၀ စုစုပေါင်း ၅၆၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၅ ဧက၊ ဖူးစားပြောင်း ဧက ၉၅၀ စုစုပေါင်း ၉၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၅၆၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၉၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ယခုနှစ် အင်းတော်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် အဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

(၂၀၆)

# ဟိုင်းကြီးကျွန်းမြို့တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ငပုတော အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ငပုတောမြို့မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ငါးကွမ်းရှပ်ခြောက်များ ထုတ်လုပ်ပြီး ရောင်းချလျက်ရှိရာ အောက်တိုဘာလ ပထမပတ်မှ ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှ ထုတ်လုပ်ရောင်းချသည့် ငါးကွမ်းရှပ်ခြောက်များ တစ်ရက်လျှင် ပိဿာချိန် ၈၀ မှ ၁၂၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့မှာ ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အောက်တိုဘာလ ပထမပတ်ကတည်းက စတင် အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ။ အခု ငါးကွမ်းရှပ်ခြောက်ဈေးကလဲ အနည်းငယ်ကောင်းလာပါတယ်။ ဟိုင်းကြီးကျွန်းမြို့ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေတာပါ" ဟု ငပုတောမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ငါးပိ၊ ငါးခြောက်များကို ပြုလုပ်ပြီး ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ဈေးပေါက်နေကြောင်း ငပုတောမြို့မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်ထံမှ သိရသည်။

ကျော်ကျော်လင်း

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

DAGON ဒဂုံ MALTA FRESH

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality စာဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့
မန္တလေး

## တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ရွှေဆိုင်းတင်ဒါအမှတ်စဉ်(၃/၂၀၂၄-၂၀၂၅) အတွက် ရွှေဆိုင်းများ ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဝယ်ယူမည့်ရွှေဆိုင်းအရွယ် အစား | = | ၁.၇၅" _၁.၇၅" |
| (ခ) | (၁၀၀)ရွက်ပါ ရွှေဆိုင်း(၁)ဆိုင်း ပေးချေမည့်နှုန်းထား | = | ၁၇၅,၀၀၀/- |
| (ဂ) | ဝယ်ယူမည့် ရွှေဆိုင်းအရေအတွက် | = | အဆိုင်း(၁၅၀၀၀) |
| (ဃ) | တင်သွင်းရမည့် အာမခံကြေးငွေ | = | ကျပ်သိန်း(၁၀၀) |
| (င) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | = | ၂၅.၁၀.၂၀၂၄ |
| (စ) | တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်နေ့ရက်/ အချိန် | = | ၂.၁၁.၂၀၂၄(၁၆:၃၀)နာရီ |
| (ဆ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်နေ့ရက်/ အချိန် | = | ၄.၁၁.၂၀၂၄(၁၆:၃၀)နာရီ |
| (ဇ) | လျှောက်လွှာ(၁)စောင်ဈေးနှုန်း | = | ကျပ်(၂၀,၀၀၀) |

၂။ တင်ဒါပုံစံများရောင်းချခြင်းနှင့် ဝယ်ယူရမည့်နေရာမှာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူတင်သွင်းရန်နှင့်အချက်အလက်များကို အသေးစိတ်သိလိုပါက ဖုန်း ၀၉-၇၉၇ ၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မဟာမုနိဘုရားကြီးဂေါပကအဖွဲ့

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်၊ သိပ္ပံလမ်းတောင်ဘက်နေ (ဦးထွန်းဝေ)+ဒေါ်နှင်းအိတို့၏သား **မောင်မျိုးမြတ်ကျော်(၉/ခမစ(နိုင်)၀၅၈၂၇၁)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

ဒေါ်နှင်းအိ (၉/မရတ(နိုင်)၀၆၆၄၂၉)

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စဉ့်ကိုင်မြို့နယ်၊ စော်ရဲကျေးရွာနေ ဦးသန်းစိုး+ ဒေါ်လှဲ့လှဲ့ခိုင်တို့၏သား **မောင်နေမျိုးဝင်း(ခ)ဥက္ကာ (၉/စကတ(နိုင်) ၁၂၉၈၂၈)**သည် မိဘတို့၏စကားကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

ဦးသန်းစိုး (၉/တတဥ(နိုင်)၀၆၇၀၅၇)
ဒေါ်လှဲ့လှဲ့ခိုင် (၉/စကတ(နိုင်)၁၀၅၆၆၀)

### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၆)နေ ဦးအောင်ကိုဝင်း (ဘ) ဦးမာ (၈/မမန(နိုင်)၁၆၇၁၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-546 162)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၁၅၁၄၃၇၁

## လှျပ်စစ်မီးကို ချွေတာသုံးစွဲပါ

### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ မြို့လယ်ရပ်၊ No.105 နေ ဒေါ်မြင့်မြင့် (ခ) ဒေါ်လောဖာ (ဘ) ဦးမြင့်ကျောင်းဝမ် (၉/မကန(နိုင်)၁၄၂၈၄၆)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၅၀၅၀၀

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အိမ်နှင့်ခြံ ရောင်းမည်

- ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာ ကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ
- မန္တလေး-လားရှိုးအဆင်းလမ်းဘေး

ဆက်သွယ်ရန်/
၀၉-၇၇၀၁၂၇၇၃၅
၀၉-၈၈၆၆၆၆၁၇၁

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၀၉ (ရုံးချိန်အတွင်း)

**❖ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူးများနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ အိန္ဒိယနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Cooperation)

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

Central Hotel
YANGON
အမှတ် - (၃၃၃ ~ ၃၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..